ကြေးမုံ
The Mirror Daily
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ ကောဓဝဂ်(ဓမ္မပဒ -၂၃)

၁၃၈၇ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက် ကြာသပတေးနေ့။ Thursday, 2 April 2026 ၁၂၁၄၀

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် မြေသြဇာများရရှိရေး အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

### စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် မြေသြဇာများရရှိရေး အစည်းအဝေးကျင်းပ

# စက်သုံးဆီဈေးများ မြင့်တက်မှုမရှိစေရေး ပြည်ပမှစက်သုံးဆီများတင်သွင်းရာတွင် ကောက်ခံလျက်ရှိသည့် အခွန်အခများလျှော့ပေါ့ပေးနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်

နေပြည်တော် ဧပြီ ၁

စက်သုံးဆီများဖူလုံစွာရရှိရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများအတွက်လိုအပ်သည့် ဓာတ်မြေသြဇာများ လုံလောက်စွာရရှိရေးအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✰

**ယနေ့ ဖတ်စရာ**

**ဓာတ်မြေသြဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကင်းလွတ်ခွင့်ပြုမည်**

**ဒီဇယ်ဆီတင်သွင်းမှုအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုသွားမည်**

စာမျက်နှာ » ၅

**ခရီးသွားလုပ်ငန်း ပြန်လည်ပုံဖော်ခြင်း အနုပညာ**

ဆောင်းပါး စာမျက်နှာ » ၆

ကြေးမုံ

# ပြည်တွင်းအားကိုခိုင်မာစွာတည်ဆောက် အမျိုးသားအကျိုးစီးပွားဖော်ဆောင်

မျက်မှောက်ကာလ၌ မြန်မာနိုင်ငံသည် ပြည်သူများ လိုလားချက်နှင့်အညီ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်းဟူသည့် လောကပါလတရားများ ထွန်းကားရာ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် နိုင်ငံအဖြစ် လျှောက်လှမ်းနေသည့် အချိန်အခါဖြစ်သည်။ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် နိုင်ငံသားအားလုံးအနေဖြင့် စည်းလုံးညီညွတ်ခြင်း၊ စည်းကမ်းရှိခြင်း၊ တရားဥပဒေကို လေးစားလိုက်နာခြင်းနှင့် အသိဉာဏ်ပညာ ပြည့်ဝခြင်းတို့သည် မရှိမဖြစ်လိုအပ်ပါသည်။

လက်ရှိကာလတွင် လွှတ်တော်၊ အစိုးရသစ်နှင့်အတူ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးကို ပုံဖော်တည်ဆောက်တော့မည်ဖြစ်သည်။ ဒီမိုကရေစီဖက်ဒရယ် တည်ဆောက်ရေးလုပ်ငန်းစဉ်တွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ လူမှုသဟဇာတဖြစ်ရေးနှင့် စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်နက်တည်း ဖြေရှင်းဆောင်ရွက်သွားရမည့် ရေရှည်လုပ်ငန်းစဉ်ဖြစ်သည်။ ပြောင်းလဲလာသော နိုင်ငံတကာအခြေအနေများတွင် မြန်မာနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်ရာ၌ ကမ္ဘာလုံးဆိုင်ရာအကျိုးစီးပွားနှင့် ချိန်ညှိဆောင်ရွက်တတ်ရန်လည်း အရေးကြီးပါသည်။ နိုင်ငံအနာဂတ်အတွက် မျိုးဆက်သစ်အင်အားများဖြစ်သည့် လူငယ်လူရွယ်အင်အားများဖြင့် နိုင်ငံသစ်ကို တည်ဆောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်၏ လုပ်ငန်းစဉ်များ အချိန်တိုအတွင်း ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံ၊ ဘက်ပေါင်းစုံမှ အသိပညာရှင်၊ အတတ်ပညာရှင်၊ တိုင်းရင်းသားပြည်သူများက ပေါ်ထွက်လာမည့် နိုင်ငံတော်အစိုးရသစ်နှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကကျပြီး အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်ရေးစသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ကုန်ထုတ်လုပ်ငန်းများကို တိုးတက်အောင် ဆောင်ရွက်ရာ၌ အခြေခံအကျဆုံးဖြစ်သည့် အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေး(MSME)လုပ်ငန်းများ တိုးတက်အောင်မြင်မှုရရှိအောင် မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ပြောင်းလဲနေသည့် ကမ္ဘာ့အခင်းအကျင်းသစ်တွင် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအနေဖြင့် စိန်ခေါ်မှုများစွာရှိသကဲ့သို့ တစ်ပြိုင်တည်းတွင် အခွင့်အလမ်းများစွာ ရှိနေသည်ကို သတိပြုရမည်ဖြစ်သည်။ နိုင်ငံ၏ အဓိကအင်အားများဖြစ်သည့် လူငယ်လူရွယ်များအပါအဝင် နိုင်ငံသားအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းအားဖြင့် အမျိုးသားအကျိုးစီးပွားနှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ အမျိုးသားအကျိုးစီးပွားသည် နိုင်ငံတစ်နိုင်ငံ၏ ရပ်တည်မှု၊ အချုပ်အခြာအာဏာ၊ လုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အခြေခံအကျဆုံး ရည်မှန်းချက်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို အကောင်အထည်ဖော်ရာ၌ နယ်မြေတည်တံ့ခိုင်မြဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးသည် ထာဝရအကျိုးစီးပွားဖြစ်ပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုတို့သည် အဓိကအကျိုးစီးပွားများဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ လိုက်ပါစီးမျောကာ အကျိုးရှိစွာဆောင်ရွက်ကြရမည်ဖြစ်သလို ကမ္ဘာ့အခင်းအကျင်းသစ်တွင် အင်အားကြီးနိုင်ငံများ၏ အသုံးချခံ အင်အားပြိုင်ဆိုင်သည့်နေရာအဖြစ် မကျရောက်စေရေးအတွက် နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ လူငယ်လူရွယ်များအပါအဝင် ပြည်သူအားလုံးတို့က အမြော်အမြင်ရှိရှိ၊ သတိကြီးစွာထား၍ လိမ္မာပါးနပ်စွာဖြင့် လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ပြောင်းလဲ လိုက်ပါဆောင်ရွက်ကြရမည်ဖြစ်သည်။

အမျိုးသားအကျိုးစီးပွားသည် နိုင်ငံတော်၏ မဟာဗျူဟာမြောက် ရည်မှန်းချက်ပန်းတိုင်များကို ဖော်ဆောင်ပေးနေခြင်းဖြစ်ပြီး အဆိုပါရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် အမျိုးသားကာကွယ်ရေးစွမ်းအားသည် အဓိကဒေါက်တိုင်သဖွယ်ဖြစ်သည်။ အမျိုးသားကာကွယ်ရေးစွမ်းအားကို ခိုင်မာအားကောင်းအောင် တည်ဆောက်ထားနိုင်ခြင်းဖြင့် နိုင်ငံ့စွမ်းအားကိုမြှင့်တင်ပြီး အမျိုးသားအကျိုးစီးပွားကို ထိရောက် အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အနာဂတ်အင်အားများဖြစ်သည့် လူငယ်လူရွယ်များကို ကိုယ်ရည်ကိုယ်သွေး၊ ကိုယ်စွမ်းကိုယ်စများမြှင့်တင်ကာ ဘက်စုံထူးချွန်ထက်မြက်သည့် လူတော်လူကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးရန်လိုအပ်ပါသည်။ လူငယ်လူရွယ်များ စာရိတ္တကောင်းမွန်စေရေး၊ တိုင်းချစ်၊ ပြည်ချစ်စိတ်များရှိပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုစိတ်နှင့် တိုင်းပြည်ဂုဏ်ကို မြှင့်တင်လိုစိတ်များ ဖြစ်ပေါ်လာအောင် စနစ်တကျ ပျိုးထောင်ပေးရန် လိုအပ်မည်ဖြစ်သည်။

သို့ဖြစ်ရာ အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်တွင် နိုင်ငံတော်အစိုးရသစ်၏ ဦးဆောင်မှုအောက်၌ လူငယ်လူရွယ်များအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက် မြှင့်တင်ဖော်ဆောင်ပြီး နိုင်ငံတကာအလယ်တွင် တင့်တယ်ဝင့်ကြွားသည့် နိုင်ငံသစ်ဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။




စစ်တက္ကသိုလ်အမှတ်စဉ် (၂၉) ၏ (၃၈)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်နေ့အထိမ်းအမှတ်အဖြစ် မေ ၁ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗီဝိတဒါန သံဃာ့ဆေးရုံသို့ အလှူငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။ သတင်းစဉ်

## ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

နေပြည်တော် မေ ၁

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် ပါဠိပထမပြန်စာမေးပွဲစတုတ္ထနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၄ ဌာန၌ ဆက်လက်ကျင်းပရာ စာရင်းသွင်း ၆၁၇၀၃ ပါး/ဦးအနက် ၅၁၂၆၈ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၃ ဒသမ ၀၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ သတင်းစဉ်

## ဓာတ်ခွဲနမူနာစုစုပေါင်း ၂၅၀ စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁-၄-၂၀၂၆)ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ (၂၈-၂-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၃၁-၃-၂၀၂၆)ရက်နေ့၊ ည (၈:၀၀)နာရီအထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာ အခြေအနေမရှိသော်လည်း ရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့်

- အသက်အရွယ်ကြီးသူများ (အသက် ၆၀ နှစ်နှင့်အထက်)၊
- ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊
- ကိုယ်ဝန်ဆောင်မိခင်များ (ကိုယ်ဝန်ဆောင်ကာလ ၃ လနှင့်အထက်)

ကို ဦးစားပေးအစီအစဉ်ဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးနေပြီဖြစ်ပါ၍ ကာကွယ်ဆေးထိုးနှံမှု ခံယူကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသေးစိတ်သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

## ၁ - ၄ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# သယ်ယူပို့ဆောင်မှုများကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာမှုမရှိစေရေးအတွက် အများပြည်သူသုံးသယ်ယူပို့ဆောင်ရေး လုပ်ငန်းတစ်ခုဖြစ်သည့် မီးရထားဖြင့်ပို့ဆောင်မှုများကို အဓိကထားအသုံးပြု၍ ကုန်စည်များကို သယ်ယူပို့ဆောင်သွားကြရန်လို

**✣ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးအတွက် အဓိကလိုအပ်သည့် ဒီဇယ်ဆီများကို သက်သာသောဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိ**

**✣ ပြည်တွင်းကုန်ဈေးနှုန်းများမြင့်တက်လာမှု မရှိစေရေးအတွက် ဝင်ငွေနည်းပါးသည့်ပြည်သူများနှင့် ဝန်ထမ်းများအတွက် အဓိကထား ဆောင်ရွက်ပေးရမည်**

**✣ စက်သုံးဆီများတင်သွင်းရာတွင် အများပြည်သူသယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် အဓိကအသုံးပြုလျက်ရှိသော ဒီဇယ်ဆီများအတွက် ဦးစားပေးဆောင်ရွက်သွားရန်လို**

☆ ရှေ့ဖုံးမှ

အစည်းအဝေးသို့ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်းရေးမှူး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦးနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယခုလက်ရှိ အချိန်၌ ဖြစ်ပွားလျက်ရှိသည့် အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် စက်သုံးဆီများရှားပါးမှုကို ကမ္ဘာနှင့်တစ်ဝန်းတွင် ကြုံတွေ့နေရပြီး မိမိတို့နိုင်ငံအနေဖြင့်လည်း အဆိုပါအခက်အခဲကို ကျော်လွှားဖြေရှင်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ပြည်တွင်းစက်သုံးဆီသုံးစွဲမှုများကို လျှော့ချနိုင်ရန်အတွက် မကြာမီကာလက မော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များသုံးစွဲမှုနှင့် ဆီဖြည့်သွင်းမှုကို စုံ/မ အလှည့်ကျစနစ်ဖြင့် ဆောင်ရွက်ခြင်း၊ QR Code များအသုံးပြု၍ ဆီဖြည့်ခြင်းစနစ်များကို ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရေးအတွက် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကို နေအိမ်မှသာ ဆောင်ရွက်ကြရန် ထုတ်ပြန်ကြေညာထားပြီးဖြစ်သဖြင့် စက်သုံးဆီသုံးစွဲမှုကို တတ်နိုင်သမျှလျှော့ချလာနိုင်ပြီဖြစ်ကြောင်း။

စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသည်နှင့် အမျှ ကုန်စည်စီးဆင်းမှုများအလိုက် ကုန်ဈေးနှုန်းများလည်း မြင့်တက်လာနိုင်ကြောင်း၊ ထို့ကြောင့် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးအတွက် အဓိကလိုအပ်သည့် ဒီဇယ်ဆီများကို သက်သာသော ဈေးနှုန်းများဖြင့် ဝယ်ယူရရှိနိုင်ရေးအတွက် နိုင်ငံတော်အနေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သယ်ယူပို့ဆောင်မှုများကြောင့် ကုန်ဈေးနှုန်းများမြင့်တက်လာမှုမရှိစေရေးအတွက် အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းတစ်ခုဖြစ်သည့် မီးရထားဖြင့်ပို့ဆောင်မှုများကို အဓိကထားအသုံးပြု၍ ကုန်စည်များကို သယ်ယူပို့ဆောင်သွားကြရန်လိုကြောင်း။

အလားတူ ယခုကာလအတွင်း စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာသည်နှင့်အတူ ဒေါ်လာဈေးနှုန်းများလည်း အနည်းငယ်မြင့်တက်လာသည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ ဒေါ်လာဈေးများမြင့်တက်လာခြင်းမှာ စက်သုံးဆီများအပါအဝင် အခြားပြည်ပသွင်းကုန်တန်ဖိုးများ မြင့်မားလာခြင်းကြောင့် ငွေကြေးပမာဏ ပိုမိုသုံးစွဲရပြီးဒေါ်လာဈေးများ မြင့်မားလာခြင်းဖြစ်ကြောင်း၊ အဓိကအားဖြင့် ပြည်တွင်းကုန်ဈေးနှုန်းများမြင့်တက်လာမှု မရှိစေရေးအတွက် ဝင်ငွေနည်းပါးသည့် ပြည်သူများနှင့် ဝန်ထမ်းများအတွက် အဓိကထားဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်သုံးဆီဈေးများ မြင့်တက်မှုမရှိစေရေးအတွက် ပြည်ပမှစက်သုံးဆီများတင်သွင်းရာတွင် ကောက်ခံလျက်ရှိသည့် အခွန်အခများ လျှော့ပေါ့ပေးနိုင်ရေးအတွက် စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ စက်သုံးဆီများ တင်သွင်းရာတွင် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အဓိကအသုံးပြုလျက်ရှိသော ဒီဇယ်ဆီများအတွက် ဦးစားပေးဆောင်ရွက်သွားရန်လိုကြောင်း။

ယခုကာလသည် ပူပြင်းခြောက်သွေ့သည့် နွေရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် လေအေးပေးစက်များကို ပိုမိုအသုံးပြုလာကြကြောင်း၊ ထိုသို့အသုံးပြုရာတွင် လျှပ်စစ်ဓာတ်အားကို အသုံးပြုမှုများ များပြားလာသကဲ့သို့ မီးစက်များအသုံးပြု၍လည်း ဆောင်ရွက်ကြကြောင်း၊ လျှပ်စစ်ဓာတ်အားကို ချွေတာရန်လိုအပ်သကဲ့သို့ မီးစက်သုံးဆီ သုံးစွဲခြင်းများနှင့် မော်တော်ယာဉ်အသုံးပြုမှုများကိုလည်း လျှော့ချသွားရန်လိုကြောင်း၊ စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ပါက တစ်ဖက်မှလည်း နိုင်ငံခြားငွေသုံးစွဲမှုများကို လျှော့ချသွားနိုင်မည်ဖြစ်ကြောင်း၊ စက်သုံးဆီများကို လျှော့ချနိုင်ရန်အတွက် EV ကား တင်သွင်းမှုများကို ဆောင်ရွက်ရာတွင် စက်သုံးဆီသုံး ယာဉ်အိုယာဉ်ဟောင်းများ အပ်နှံ၍ EV ကားများ ပြန်လည်တင်သွင်းသည့်စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း။

ရထားပို့ဆောင်ရေးစနစ်သည် ကုန်စည်များ သယ်ယူပို့ဆောင်ရေးအတွက် ကုန်ကျစရိတ်များ သက်သာစေခြင်းကြောင့် ကုန်တင်ရထားများ တိုးချဲ့ပြေးဆွဲသွားရန်လိုကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ရထားဖြင့် ကုန်စည်များသယ်ယူပို့ဆောင်ရေးစနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ရေး တာဝန်ရှိသူများက ဆောင်ရွက်သွားကြရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများအတွက် သွင်းအားစုများဖြစ်သည့် ရေနှင့် ဓာတ်မြေဩဇာများ လိုအပ်သကဲ့သို့ လယ်ထွန်စက်များနှင့် ရေတင်စက်များအတွက်လည်း စက်သုံးဆီများ လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရေတင်ခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် စက်သုံးဆီသုံးစွဲမှုကို လျှော့ချနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အလားတူ လောင်စာဆီဈေးနှုန်း မြင့်တက်လာမှုနှင့်အတူ ဓာတ်မြေဩဇာဈေးနှုန်းများ မြင့်တက်လာမှုကြောင့် ဓာတ်မြေဩဇာသုံးစွဲမှုများ လျှော့ချနိုင်ရေးနှင့် သဘာဝဓာတ်မြေဩဇာများကို ပိုမိုသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် ဓာတ်မြေဩဇာများကို စိုက်ပျိုးရေးတောင်သူများ လက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိစေရေးအတွက် ထောက်ပံ့ပေးခြင်းနှင့် အခွန်အခကောက်ခံခြင်းများကို တတ်နိုင်သမျှလျှော့ချပေးခြင်းများကို ဆောင်ရွက်ပေးနိုင်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူများ၏ စားရေရိက္ခာဖူလုံရေးအတွက် အဓိကထား ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပြည်တွင်းစားသုံးဆီ လိုအပ်ချက်အရ ပြည်ပမှ နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများစွာ သုံးစွဲရလျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအတွင်း စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည့် ဆီထွက်သီးနှံများဖြစ်သော နေကြာ၊ ပဲပုပ်နှင့် နှမ်းတို့ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် နေကြာစိုက်ပျိုးထုတ်လုပ်ခြင်းကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ပြည်ပမှ စားသုံးဆီများ တင်သွင်းနေရမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး နိုင်ငံခြားငွေသုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတောင်သူများအတွက် လိုအပ်လျက်ရှိသည့် ဓာတ်မြေဩဇာများကိုလည်း ဈေးနှုန်းသက်သာစွာဖြင့် တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးသွားရန်လိုကြောင်း၊ နိုင်ငံတော်အပိုင်းမှ တတ်နိုင်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသလို တောင်သူများဘက်ကလည်း အတတ်နိုင်ဆုံး ကုန်ထုတ်လုပ်မှုများ ပြုလုပ်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက ပြည်တွင်းစက်သုံးဆီရှားပါးမှုအခက်အခဲကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် ပြည်ပနိုင်ငံများမှစက်သုံးဆီများ ဝယ်ယူရရှိနိုင်ရေး စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဖြစ်သည့် မီးရထား၊ သင်္ဘောနှင့် ဘတ်စ်ကားယာဉ်များအတွက် လိုအပ်သည့် စက်မောင်းဆီများကို လုံလောက်စွာရရှိရေး ဆောင်ရွက်သွားမည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် လိုအပ်သည့်ဓာတ်မြေဩဇာများ လုံလောက်စွာရရှိရေး ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက်နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

**✣ စက်သုံးဆီများကိုလျှော့ချနိုင်ရန်အတွက် EV ကား တင်သွင်းမှုများကို ဆောင်ရွက်ရာတွင် စက်သုံးဆီသုံးယာဉ်အိုယာဉ်ဟောင်းများ အပ်နှံ၍ EV ကားများ ပြန်လည်တင်သွင်းသည့်စနစ်ဖြင့် ဆောင်ရွက်သွားနိုင်ရန်လို**

**✣ လောင်စာဆီဈေးနှုန်းမြင့်တက်လာမှုနှင့်အတူ ဓာတ်မြေဩဇာဈေးနှုန်းများမြင့်တက်လာမှုကြောင့် ဓာတ်မြေဩဇာသုံးစွဲမှုများ လျှော့ချနိုင်ရေးနှင့် သဘာဝဓာတ်မြေဩဇာများကို ပိုမိုသုံးစွဲနိုင်ရေး ဆောင်ရွက်သွားကြရန်လို**

**✣ စိုက်ပျိုးရေးလုပ်ငန်းများအတွက် မဖြစ်မနေလိုအပ်သည့် ဓာတ်မြေဩဇာများကို စိုက်ပျိုးရေးတောင်သူများလက်ဝယ်သို့ ဈေးနှုန်းသက်သာစွာဖြင့် ရောက်ရှိစေရေးအတွက် ထောက်ပံ့ပေးခြင်းနှင့် အခွန်အခကောက်ခံခြင်းများကို တတ်နိုင်သမျှလျှော့ချပေးခြင်းများကို ဆောင်ရွက်ပေးနိုင်**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့်စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ မင်းဘူးမြို့ ခရိုင်အားကစားကွင်း အဆင့်မြှင့်တင်ပြုပြင်နေမှုနှင့် ၂၀၂၆ ခုနှစ် မိုးရာသီ သစ်တောစိုက်ခင်းတည်ထောင်ရန် ပြင်ဆင်ထားမှု ကွင်းဆင်းစစ်ဆေး



နေပြည်တော် မေ ၁

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ရှိ ခရိုင်အားကစားကွင်းသို့ သွားရောက်၍ အားကစားကွင်းအား အဆင့်မြှင့်တင် ပြုပြင်ဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ခရိုင်အားကစားကွင်း အတွင်းပတ်လမ်းနှင့် အပြင်ပတ်လမ်း အုတ်ရေမြောင်း ၃၁၀၂ ပေ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လျာထားချက်အတိုင်း အချိန်မီပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မင်းဘူးမြို့နယ်ရှိ ကန်ရေပျိုးဥယျာဉ်တွင် ၂၀၂၆ ခုနှစ် မိုးရာသီ၌ စိုက်ပျိုးရန် သစ်မျိုး ခုနစ်မျိုးဖြင့် ပျိုးပင်ပေါင်း ၉၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သက်တမ်းနှစ်နှစ်၊ အမြင့်နှစ်ပေအထက် ပျိုးပင်များ စဉ်ဆက်မပြတ်ရရှိရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မင်းဘူးမြို့နယ် ဆင်ခေါင်း-ဇီးအိုင် ကြိုးပြင်ကာကွယ်တောအတွင်း ၂၀၂၆ ခုနှစ် မိုးရာသီတွင် ကျေးရွာထင်းစိုက်ခင်း ဧက ၃၀၊ အထူးစိမ်းလန်းစိုပြည်ရေး စိုက်ခင်း ဧက ၄၀နှင့် ဧက ၃၀ တို့ တည်ထောင်ဆောင်ရွက်နိုင်ရေး မြေပြုပြင်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စိုက်ခင်းတည်ထောင်ခြင်း လုပ်ငန်းစဉ်များ အဆင့်အလိုက် အချိန်မီပြီးစီးရေး၊ တစ်ပင်စိုက် တစ်ပင်ရှင်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သစ်တောဖုံးလွှမ်းမှုပြန်လည်ကောင်းမွန်လာစေရေးနှင့် စိမ်းလန်းစိုပြည်စေရေးအတွက် ၂၀၂၆ ခုနှစ် မိုးရာသီတွင် မင်းဘူးခရိုင်အတွင်း သစ်ပင်ပေါင်း ၂၉၀၀၀၀ ကျော် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## မူဆယ်မြို့၌ တတိယအကြိမ်မြောက် နွေရာသီ ယဉ်ကျေးလိမ္မာသင်တန်းဖွင့်လှစ်

မူဆယ် မေ ၁

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် တတိယအကြိမ်မြောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မူဆယ်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ချယ်ရီဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင်မြို့နယ်သာသနာရေးမှူး ဦးအောင်ဆွေကသင်တန်းပို့ချမည့် အစီအစဉ်များအား ဖတ်ကြားသည်။ ယင်းနောက် နွေရာသီယဉ်ကျေးလိမ္မာသင်တန်းအတွက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီက လှူဒါန်းငွေကျပ် သိန်း ၃၀ အား ဒုတိယဗိုလ်မှူးကြီး တင်မောင်ဝင်းကလည်းကောင်း၊ ခရိုင်လဝကမှူး ဦးထွန်းဇော်ဦးက လှူဒါန်းသည့်ငွေကျပ်ငါးသိန်း၊ ဓမ္မစကူးဖောင်ဒေးရှင်းက ငွေကျပ် ၁၀ သိန်း၊ ပြင်ပအလှူရှင် ဦးချမ်းအေး မိသားစုက ငွေကျပ်ငါးသိန်း၊ သင်ထောက်ကူပစ္စည်းများဖြစ်သည့် စာအုပ်များ၊ စာရေးကိရိယာများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနှင့် ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါသင်တန်းကို သာသနာရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး သင်တန်းသား ၁၅၀ ကျော်ကို သင်တန်းနည်းပြရှစ်ဦးတို့က ၁၀ ရက်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ချယ်ရီမြေ(မူဆယ်)

## ကျောင်းကုန်းမြို့၌ နွေရာသီ အင်္ဂလိပ်စာ (အခြေခံ)သင်တန်းဆင်းပွဲ ကျင်းပ

ကျောင်းကုန်း မေ ၁

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန ခန်းမ၌ နွေရာသီ အင်္ဂလိပ်စာ(အခြေခံ) သင်တန်းဆင်းပွဲကို မတ် ၃၀ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုက သင်တန်းဆင်းအမှာစကားပြောကြားပြီး ပန်းချီဆရာ ဦးအေးကိုအား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။



ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှိုင်ပို့ပို့ဇင်က အင်္ဂလိပ်စာ ဆရာမဒေါ်လှလှသက်အား ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြစန္ဒာညိုက အလှူငွေကျပ် ငါးသောင်း လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

❖

## ၂၀၂၆ ခုနှစ်၊ ဧပြီလ (ပထမ)ဆယ်ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**အမြင့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၇၃ ဒီဂရီဖာရင်ဟိုက်မှ ၈၄ ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် ၈၅ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၉၇ ဒီဂရီဖာရင်ဟိုက်မှ ၁၀၇ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၄၉ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅၇ ဒီဂရီဖာရင်ဟိုက်မှ ၆၆ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး (အောက်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၆၇ ဒီဂရီဖာရင်ဟိုက် မှ ၇၇ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်သည်။

**လေထုစိုထိုင်းဆအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)တို့တွင် ၄၅ ရာခိုင်နှုန်းမှ ၅၄ ရာခိုင်နှုန်းအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၅၅ ရာခိုင်နှုန်းမှ ၆၄ ရာခိုင်နှုန်းအတွင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း) တို့တွင် ၆၅ ရာခိုင်နှုန်းမှ ၇၄ ရာခိုင်နှုန်းအတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၇၅ ရာခိုင်နှုန်းမှ ၈၄ ရာခိုင်နှုန်းအတွင်း အသီးသီး ရှိနိုင်သည်။

**ပင်ငွေ့ရေငွေ့ပျံနှုန်းအခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၉ မီလီမီတာမှ ၃၉ မီလီမီတာအတွင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်တောင်ပိုင်း)တို့တွင် ၄၀ မီလီမီတာမှ ၅၁ မီလီမီတာအတွင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်းနှင့်တောင်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့တွင် ၅၂ မီလီမီတာမှ ၆၂ မီလီမီတာအတွင်းနှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၆၃ မီလီမီတာမှ ၇၃ မီလီမီတာအတွင်း အသီးသီးရှိနိုင်သည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (ခြောက်သွေ့)အခြေအနေ အသီးသီးရှိနိုင်သည်။

မိုး/ဇလ

## ရေချွေတာရေး နည်းလမ်းများ

❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။

❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။

❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။

❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ဓာတ်မြေသြဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုမည်

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှုစရိတ်များ လျော့ကျစေရန်အတွက် ဓာတ်မြေသြဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန် ၂ ရာခိုင်နှုန်းကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ ယင်းအခွန်ကင်းလွတ်ခွင့်သည် ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေသြဇာများအပေါ် အကျုံးဝင်မည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ဒီဇယ်ဆီ တင်သွင်းမှုအပေါ် ဝင်ငွေခွန် ၂ ရာခိုင်နှုန်း ကင်းလွတ်ခွင့်ပြုသွားမည်

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီဈေးနှုန်း မြင့်တက်နေချိန်တွင် ပြည်တွင်းရှိစက်သုံးဆီဈေးနှုန်းများလည်း တဖြည်းဖြည်းမြင့်တက်လျက်ရှိရာ စက်သုံးဆီ (ဒီဇယ်ဆီ) အသုံးပြုမောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုတွင် အများဆုံးအဓိကအသုံးပြုလျက်ရှိသည့် ဒီဇယ်ဆီ HSD (500 ppm) ဈေးနှုန်းတည်ငြိမ်၊ လျော့ကျစေရေး ဆောင်ရွက်ပေးခြင်းဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်လျော့ကျစေနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုန်ဈေးနှုန်းတည်ငြိမ်လျော့ကျစေရေးအတွက် ဒီဇယ်ဆီ HSD (500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ကောက်ခံသည့် ဝင်ငွေခွန် (၂ ရာခိုင်နှုန်း) တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၀-၄-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၄။ အဆိုပါ အခွန်ကင်းလွတ်ခွင့်သည် ဖော်ပြပါကာလအတွင်း အကောက်ခွန်ဦးစီးဌာန၌ Import Declaration (ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) များအတွက်သာ အကျုံးဝင်မည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

## ခွင့်ပြုစာရင်း (Whitelist) ဝင် ဖုန်းများအတွက် IMEI Code တစ်ခုခုသည် Unpaid ဖြစ်နေပါက အခွန်ပေးဆောင်ရန်မလိုအပ်ပါကြောင်းနှင့် Paid ဖြစ်စေရန် ဆောင်ရွက်နိုင်မည့်လုပ်ငန်းစဉ် အသိပေးကြေညာခြင်း

၁။ အများပြည်သူတို့ လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များကို အခွန်ပေးဆောင်ရန်မလိုဘဲ CEIR စနစ်ရှိခွင့်ပြုစာရင်း (Whitelist) တွင် ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့နောက်ဆုံးထားပြီး မိုဘိုင်းလက်ကိုင်ဖုန်း (Handset) ၏ SIM Slot အားလုံးတွင် SIM Card (MPT၊ ATOM၊ U9၊ Mytel) များ ထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် အသိပေးကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ 1SIM + eSIM ထည့်သွင်းအသုံးပြုနိုင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) နှင့် SIM1, SIM2 + eSIM ထည့်သွင်းအသုံးပြုနိုင်သည့် မိုဘိုင်းလက်ကိုင်ဖုန်း (Handset) များရှိ SIM Slot များတွင် ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့မတိုင်မီ အနည်းဆုံး SIM Card တစ်ခု ထည့်သွင်းအသုံးပြုထားပြီးဖြစ်ပါက ၎င်း Handset များသည် ခွင့်ပြုစာရင်း (Whitelist) တွင် စာရင်းထည့်သွင်းပြီးဖြစ်ပါသည်။

၃။ ၂၀၂၆ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့နောက်ပိုင်းတွင် အဆိုပါ ခွင့်ပြုစာရင်း (Whitelist) ဝင် Handset များ၏ ကျန် SIM Slot များ၌ Physical SIM Card (သို့မဟုတ်) eSIM ထပ်မံထည့်သွင်း အသုံးပြုပါက IMEI Code သည် Unpaid အဖြစ် ဖော်ပြနေမည်ဖြစ်ပြီး အခွန်ပေးဆောင်ရန် တောင်းဆိုသည့်အချက်အလက်များ ဖော်ပြမည်ဖြစ်သော်လည်း ၎င်း Handset များအတွက် အခွန်ပေးဆောင်ရန် လိုအပ်မည်မဟုတ်ပါ။

၄။ ထိုသို့ ခွင့်ပြုစာရင်း (Whitelist) ဝင် ဖုန်းများတွင် IMEI Code တစ်ခုသည် Paid ဖြစ်နေသော်လည်း အခြား IMEI Code တစ်ခုသည် Unpaid ဖြစ်နေခြင်း (သို့မဟုတ်) eSIM ထည့်သွင်းအသုံးပြုချိန် IMEI Code သည် Unpaid ဖြစ်နေခြင်းတို့အတွက် CEIR စနစ်၏အင်တာနက်စာမျက်နှာဖြစ်သော https://ceir.gov.mm တွင် Check Status ကိုနှိပ်၍ အဆင့်ဆင့်ဝင်ရောက်ပြီး အဆိုပါ Unpaid ဖြစ်နေသည့် IMEI Code နှင့် လိုအပ်သည့်အချက်အလက်များ ထည့်သွင်းပေးပို့ပါက CEIR စနစ်မှ ယင်း IMEI Code အား Paid အဖြစ် အလိုအလျောက် သတ်မှတ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက CEIR Call Center ၁၅၇၇ နှင့် ၁၇၅၅ သို့လည်းကောင်း၊ တွေ့ဆုံမေးမြန်းလိုပါက CEIR စနစ်ပိုင်းဆိုင်ရာ ပြည်သူ့ဝန်ဆောင်မှုအဖွဲ့ (CEIR One Stop Service – OSS) (အကောက်ခွန်ဦးစီးဌာန၊ အမှတ် ၁၃၂၊ ကမ်းနားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့) နှင့် (အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး - ၅၊ လမ်း ၆၀၊ ၁၀၁ (A) လမ်းနှင့် ၁၀၂ လမ်းကြား၊ မြို့သစ် (၁) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့) တို့သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**CEIR နှင့် EIR စနစ် စီမံကိန်းစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

## အပူရှောင်စခန်းများဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် ဧပြီ ၁**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၏ အမြင့်ဆုံးအပူချိန်သည် ယနေ့တွင် ၄၃ ဒသမ သုည ဒီဂရီဆဲလ်စီးယပ် ရှိခဲ့သည့်အတွက် ကမ္ဘာ့အပူဆုံး မြို့များစာရင်းတွင် အဆင့်(၁) ဝင်ရောက်ခဲ့ခြင်းကြောင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ မိမိတို့၏ နေအိမ်များတွင် နေထိုင်ရန် ခက်ခဲသဖြင့် အပူဒဏ်တိမ်းရှောင်ရန် လိုအပ်သူများ အပူရှောင်စခန်း၌ လာရောက်နားခိုနိုင်ရေး အပူရှောင်စခန်း ဖွင့်လှစ်နိုင်ရန် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မင်းဘူးမြို့ အမှတ်(၃)ရပ်ကွက် ပညာအလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။



အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မင်းဘူးခရိုင် မင်းဘူးမြို့ အပူရှောင်စခန်း ဖွင့်လှစ်နိုင်ရေး လုပ်ငန်းကြီးကြပ်မှုကော်မတီမှ တာဝန်ရှိသူများက ပညာအလင်းရောင်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့်သာသနာ့ဗိမာန်(အောက်ထပ်)တို့၌ အပူရှောင်စခန်း ဖွင့်လှစ်ရေးနှင့် စပ်လျဉ်း၍ တင်ပြရာ ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး ထိခိုက်လွယ် အုပ်စုဝင်များ အပါအဝင် ပြည်သူများအနေဖြင့် အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရေး အပူဒဏ်ကာကွယ်ရေး နည်းလမ်းများကို ကိုယ်တိုင်လိုက်နာ ဆောင်ရွက်နိုင်စေရန်အတွက် ဆောင်ရန်/ရှောင်ရန်များကို ရှင်းလင်းပြောကြားကာ ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးမှုများ ဆက်လက်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတက ပေးအပ်သော အလှူငွေကျပ်သိန်း ၃၀၀ နှင့် ငွေကျပ် ၉၀၈၀၀၀၀ တန်ဖိုးရှိ ဓာတ်ဆားနှင့် အချိုရည်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့က ထောက်ပံ့သည့် ထောက်ပံ့ငွေနှင့် အချိုရည်၊ သောက်ရေသန့်၊ တစ်ကိုယ်ရေသုံး ပစ္စည်းများကို ပြည်ထောင်စု ဝန်ကြီးများက တာဝန်ရှိသူများထံ လွှဲပြောင်းထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများသည် တာဝန်ရှိသူများနှင့်အတူ အပူရှောင်စခန်း ဖွင့်လှစ်မည့် ပညာအလင်းရောင် ကိုယ်ပိုင်အထက်တန်းကျောင်းရှိ နားနေဆောင်၊ ထမင်းစားခန်း၊ သန့်စင်ခန်း၊ ယာယီဆေးခန်းတို့ကိုလည်းကောင်း၊ စကုမြို့ အောင်သုခကျောင်းတိုက် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာနှင့် မင်းဘူးမြို့သာသနာ့ဗိမာန်တို့တွင် အပူရှောင်စခန်း ဖွင့်လှစ်ရန် စီမံဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

### ဆောင်ရွက်ပေး

ဆက်လက်၍ စကုမြို့ ပြည်သူ့ဆေးရုံ၌ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ ဖြစ်ပေါ်လာပါက အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက် ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းနှင့် တာဝန်ရှိသူများသည် မကွေးမြို့နယ် မကြီးကန်ကျေးရွာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဖွင့်လှစ်ထားရှိသည့် အပူရှောင်စခန်းသို့ သွားရောက်၍ အပူရှောင် လာရောက်ကြသည့် ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ရှောင်ကြဉ်ရမည့် အချက်များကို ရှင်းလင်းပြောကြားကာ ထောက်ပံ့ငွေ၊ သောက်ရေသန့်နှင့် အချိုရည်များ ပေးအပ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် မကွေးမြို့၊ ချောက်မြို့၊ ရေနံချောင်းမြို့နှင့် နတ်မောက်မြို့တို့တွင် အပူရှောင်စခန်းလေးခုကို မတ် ၁၆ ရက်မှ စတင်ကာ ဖွင့်လှစ်ထားရှိပြီး အပူရှောင် လာရောက်ကြသူများအား သဘာဝဘေးအသိပညာပေး ဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဝေငှခြင်းနှင့် အပူဒဏ်နှင့်စပ်လျဉ်း၍ ဆောင်ရန်/ရှောင်ရန်များကို အသိပညာပေးခြင်းနှင့် လိုအပ်သည်များ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ခရီးသွားလုပ်ငန်း ပြန်လည်ပုံဖော်ခြင်းအနုပညာ

စည်သူကျော်

- **အရေးပေါ်ကာလများအပြီး ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေး စီမံကိန်း (Re-covery Plan) များ ရေးဆွဲခြင်း၊ ခရီးသွားမြှင့်တင်ရေးအစီအမံများ (Tourism Promotion Plan) ဆောင်ရွက်ခြင်း ပြုလုပ်ရာ၌ မိမိ၏ခရီးစဉ်ဒေသသည် လုံခြုံစိတ်ချရသော ခရီးစဉ်ဒေသဖြစ်ကြောင်းကို ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်းပေါ်လွင်**
- **ခရီးစဉ်ဈေးနှုန်းများလျှော့ချပေးခြင်း၊ ဝန်ဆောင်မှုအရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်ထားခြင်းအပြင် လုံခြုံစိတ်ချရသော ခရီးစဉ်ဒေသအဖြစ် ပုံဖော်ခြင်းသည် ပဋိပက္ခအလွန်ကာလခရီးသွား (Post Conflict Travellers) များအတွက် ပိုမိုကိုက်ညီမှုရှိသော ခရီးသွားမြှင့်တင်ရေးပုံစံကို အလေးပေးဆောင်ရွက်သင့်**

ယနေ့အချိန်၌ ကမ္ဘာ့ခရီးသွားလုပ်ငန်းသည် ၂၁ ရာစုအတွင်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး၊ သဘာဝဘေးနှင့် ကပ်ရောဂါများ၏ သက်ရောက်မှုကို အထိခိုက်ခံရဆုံးသောကဏ္ဍတစ်ခု ဖြစ်လာသည်ကို တွေ့ရှိရသည်။ ကမ္ဘာလုံးဆိုင်ရာ သက်ရောက်မှုတစ်ခုဖြစ်သော ကိုဗစ်-၁၉ ကပ်ရောဂါပျံ့နှံ့ဖြစ်ပွားမှုမှသည် လက်ရှိအရှေ့အလယ်ပိုင်းဒေသတင်းမာမှုများအထိ အဖြစ်အပျက်များသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းကို ခြိမ်းခြောက်သောအဆင့်မှတိုး၍ လက်တွေ့တိုက်ရိုက်သက်ရောက်မှုများအထိ ဖြစ်ပေါ်စေသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ သို့ရာတွင် လူသားတို့၏ အလေ့အထသဘောသဘာဝအရ "Tourism does not dis-appear- it relocates" ခရီးသွားလုပ်ငန်းသည် ပျောက်ကွယ်သွားသည်မဟုတ်-နေရာရွှေ့ပြောင်းသွားသည်သာဖြစ်သည်။ သို့ဖြစ်၍ ခရီးသွားလုပ်ငန်းသည် ပိုမိုလုံခြုံစိတ်ချရသော နေရာဒေသများသို့ ပြောင်းရွှေ့သွားခြင်းသာဖြစ်ပြီး ယင်းပြောင်းလဲမှုသည် ဖြစ်စဉ်ဖြစ်ရပ်၏ ကြီးမားကျယ်ပြန့်မှုနှင့် ပထဝီနိုင်ငံရေးတို့အပေါ်မူတည်၍ ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းပုံစံသစ် (The New Global Tourism Pattern) (ခရီးသွားလုပ်ငန်းနယ်ပယ်တွင် GTP ဟု ခေါ်ဝေါ်သုံးစွဲကြသည်)ကို ဖြစ်ပေါ်လာစေပါသည်။

**သဘာဝပတ်ဝန်းကျင်အခြေပြု ခရီးစဉ်ဒေသများကို ရွေးချယ်သွားလာ**

ခရီးသွားလုပ်ငန်းပုံစံသစ် ပြောင်းလဲမှုကို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုအလွန်ကာလများတွင် တွေ့မြင်ခဲ့ရပြီး ၎င်းပုံစံသစ်တွင် ခရီးသွားများသည် လူဦးရေထူထပ်သော ခရီးစဉ်နေရာဒေသများကို ရှောင်ရှား၍ Off the beaten Track ဟု ခေါ်သည့် ပုံမှန်ခရီးသွားများ သွားနေကျခရီးစဉ်ဒေသများကို ရှောင်ရှား၍ လူနေထူထပ်မှု လျော့ပါးသည့် သဘာဝပတ်ဝန်းကျင်အခြေပြု ခရီးစဉ်ဒေသများကို ရွေးချယ်သွားလာလည်ပတ်ခဲ့ကြသည်။ အဆိုးထဲမှအကောင်းဟု ဆိုရမည့်အချက်မှာ ကိုဗစ်-၁၉ ကာလအတွင်း ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့သည့်အတွက် ယခင်ခရီးသွားလာမှုများပြားခြင်းကြောင့် ညစ်ညမ်းမှုများ ဖြစ်ပေါ်ခဲ့သည့် ခရီးစဉ်ဒေသများသည် အနားရပြီး မူလသဘာဝနှင့်အနီးစပ်ဆုံး ပြန်လည်သန့်စင်မှုကို ဖြစ်ပေါ်စေခဲ့သည်။ ထို့ကြောင့် ကိုဗစ်အလွန်ကာလတွင် ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း (Sustain-able Tourism)ဟူသော အယူအဆမှသည် (Rege-nerative Tourism, Transformative Tourism) ဟူသော ခရီးသွားလုပ်ငန်းအယူအဆများကို ခရီးသွားလုပ်ငန်းနယ်ပယ်အတွင်း ကျယ်ကျယ်ပြန့်ပြန့် တင်သွင်းပြောဆိုလာခဲ့ကြသည်။ ထို့ကြောင့် အခြားတစ်ဖက်မှကြည့်လျှင် ကိုဗစ်-၁၉ ကပ်ရောဂါသည် သဘာဝတရားကြီးနှင့် ခရီးစဉ်နေရာဒေသအချို့ကို အနားပေးကာ ခရီးသွားလုပ်ငန်းအတွက် ကောင်းမွန်သော အပြောင်းအလဲများကို ယူဆောင်လာခဲ့သော ဖြစ်စဉ်တစ်ခုဟု ဆိုရပေမည်။ သို့သော် ခရီးသွားလုပ်ငန်း၏ ပြောင်းလဲမှုမြန်ဆန်သော ဖြစ်စဉ်များအရ ယနေ့ Global Tourism Arrival သည် ၁ ဒသမ ၅၂ ဘီလီယံအထိ တိုးတက်လာခဲ့ပြီး အာရှနှင့် ပစိဖိတ်ဒေသသည် ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးတိုးတက်လာရေးတွင် အတက်ကြွဆုံး ပုံဖော်ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။ တည်ငြိမ်မှုရှိသော ဥရောပခရီးသွားလုပ်ငန်းသည်လည်း ဆက်လက်တိုးတက်လျက်ရှိပြီး ခရီးသွားအဆမတန်များပြားမှု Overtourism ကို ကိုင်တွယ်ဆောင်ရွက်နိုင်ရန် သတိထား လုပ်ဆောင်လျက်ရှိသည့် အနေအထားကို တွေ့မြင်ရသည်။

**ခရီးသွားတစ်သန်းကျော်၏ ခရီးစဉ်များအပေါ် တိုက်ရိုက်သက်ရောက်မှုများရှိခဲ့**

ယခုတစ်ဖန် ကမ္ဘာ့ခရီးသွားလုပ်ငန်းမှာ အသစ်အနေအထားတစ်ခုကို ထပ်မံကြုံတွေ့နေရပြီဖြစ်သည်။ အရှေ့အလယ်ပိုင်းဒေသတွင် စစ်ရေးတင်းမာမှုနှင့်လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများသည် သက်ဆိုင်ရာနိုင်ငံများကိုသာမက ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ကဏ္ဍစုံတို့၌ ချမှတ်ထားပြီးသည့် ရေတိုရေရှည်စီမံကိန်းများကို ပြန်လည်သုံးသပ်၍ အစားထိုးအစီအစဉ်များ၊ ကာလတိုပြန်လည်ကုစားထူထောင်နိုင်မည့် အစီအမံများ (Replacement and Recovery Plan) ကို အရေးပေါ်ရေးဆွဲပြင်ဆင်လာရသည်။ ခရီးသွားလုပ်ငန်းကဏ္ဍတွင် လေ့လာကြည့်မည်ဆိုပါက အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခစတင်ချိန်၌ အရှေ့အလယ်ပိုင်းဒေသအတွင်း လေကြောင်းခရီးစဉ်ပေါင်း ၃၀၀၀၀ ကျော်ကို ဖျက်သိမ်းခဲ့ရပြီး အဆိုပါလေယာဉ်ခရီးစဉ် ဖျက်သိမ်းရမှုများ၊ လေပိုင်နက်ပိတ်ဆို့ထားမှုများ (Air Space Closure) ကြောင့် ခရီးသွားတစ်သန်းကျော်၏ ခရီးစဉ်များအပေါ် တိုက်ရိုက်သက်ရောက်မှုများရှိခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။ ၎င်းလေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရမှုသည် ခရီးသွားများ၏ သွားလာမှုပုံစံအလေ့အထ (Travel Phenomenon) ပျက်ယွင်းမှုသက်သက်သာမဟုတ်၊ ခရီးသွားကဏ္ဍ၏ ဖြစ်တည်မှုပုံစံ (Tourism Phenomenon) အပေါ်တွင်ပါ ကြီးမားစွာသက်ရောက်မှုပေါ်ပေါက်စေပြီဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အထက်တွင်ဖော်ပြပြီးဖြစ်သကဲ့သို့ ယခုဖြစ်စဉ်၏ ကြီးမားကျယ်ပြန့်မှုနှင့် ပထဝီဝင် အနေအထားသည် ကမ္ဘာတစ်ဝန်းလုံးအပေါ် သက်ရောက်နိုင်စွမ်းအားရှိသောကြောင့် ဖြစ်ပါသည်။

မည်သို့ပင် ပြည့်ဖြိုးမြဲစွမ်းအင်ကို ဖန်တီးဆောင်ကြဉ်းသည်ဖြစ်စေ ကမ္ဘာကြီးသည် စွမ်းအင်ကို ရုပ်ကြွင်းလောင်စာများအပေါ်တွင် မှီခိုနေရဆဲဖြစ်သည်။ ကမ္ဘာပေါ်တွင် ရေနံနှင့် သဘာဝဓာတ်ငွေ့လောင်စာသည် အဓိကကျသော အရင်းအမြစ်တစ်ခုဖြစ်နေဆဲဖြစ်ပါသည်။ ကမ္ဘာ့နိုင်ငံအသီးသီးသည် ရေနံနှင့်သဘာဝဓာတ်ငွေ့ကို စွမ်းအင်အရင်းအမြစ်တစ်ခုအဖြစ် လုပ်ငန်းကဏ္ဍအသီးသီး၌ တွင်ကျယ်စွာအသုံးပြုလျက်ရှိသည်။ အရှေ့အလယ်ပိုင်းဒေသသည် ကမ္ဘာ့ရေနံထုတ်လုပ်မှု၏ အဓိကဗဟိုချက်ဖြစ်သောကြောင့် ဒေသတွင်း စစ်ရေးတင်းမာမှုနှင့် လုံခြုံရေးပြဿနာများသည် ရေနံတင်ပို့မှုအခက်အခဲနှင့် ရေနံဈေးနှုန်း မြင့်တက်ခြင်းကို ဖြစ်ပေါ်စေပါသည်။ လောင်စာဆီအကျပ်အတည်းသည် ခရီးသွားလုပ်ငန်းကဏ္ဍအတွက် အရေးပါဆုံးသော လေကြောင်းပို့ဆောင်ရေး အပါအဝင် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် ကြီးမားသော ထိုးနှက်ချက်တစ်ရပ်ဖြစ်ပြီး လူသားတို့၏ ရွှေ့ပြောင်းခရီးသွားလာမှု (Human Mobility) ကို အဟန့်အတားဖြစ်စေမည် ဖြစ်သည်။ ထို့ကြောင့် လက်ရှိ အရှေ့အလယ်ပိုင်းပဋိပက္ခသည် Travel Phenomenon သက်သက်မဟုတ်တော့ဘဲ Global Tourism Phenomenon အသွင်ကို ဆောင်လာခဲ့ပြီဖြစ်သည်။ လောင်စာဆီ အကျပ်အတည်းကြောင့် လေယာဉ်ခရီးစဉ်ဈေးနှုန်းများ မြင့်မားလာခြင်း၊ စစ်ရေးတင်းမာလျက်ရှိသော ဝေဟင်ပိုင်နက်များကို ရှောင်ကွင်းမောင်းနှင်ရသဖြင့် ခရီးသွားလာမှုအချိန် ကြာမြင့်လာခြင်းတို့ကြောင့် ခရီးရှည်သွားလာမှု (Long Haul Travel) ကို ထိခိုက်လာစေပါသည်။

| |
|---|
| Aviation fuel cost ↑ → ticket price ↑ → travel demand ↓ |
| Long-haul flights → route diversion → travel time ↑ → travel demand ↓ |

ကိုဗစ်-၁၉ ကာလကဲ့သို့ပင် စစ်ရေးပဋိပက္ခကာလများအတွင်း ခရီးသွားများ၏ ခရီးသွားလာမှုပုံစံ (Travel Pattern) သည်လည်း ပြောင်းလဲလာမည်ကို ကြိုတင်မျှော်မှန်းထားကြရမည် ဖြစ်ပါသည်။ ပဋိပက္ခအလွန်ကာလ ကောက်ခံလေ့ရှိသော စစ်တမ်း (Post Conflict Surveys) များအရ ခရီးသွားများ၏ ၆၀ ရာခိုင်နှုန်းကျော်သည် လုံခြုံစိတ်ချရသော ခရီးစဉ်ဒေသများ (Safe and Secure Destination) သို့သာ သွားရောက်လည်ပတ်လိုသည်ကို တွေ့ရှိရပါသည်။ ယင်းအချက်အပေါ် အခြေခံ၍ အရေးပေါ်ကာလများအပြီး ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးစီမံကိန်း (Re-covery Plan) များ ရေးဆွဲခြင်း၊ ခရီးသွားမြှင့်တင်ရေးအစီအမံများ (Tourism Promotion Plan) ဆောင်ရွက်ခြင်းပြုလုပ်ရာ၌ မိမိ၏ခရီးစဉ်ဒေသသည် လုံခြုံစိတ်ချရသော ခရီးစဉ်ဒေသဖြစ်ကြောင်းကို ခရီးသွားလုပ်ငန်းကဏ္ဍအတွင်း ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း ပေါ်လွင်စေပါသည်။ ဤနေရာ၌ ခရီးစဉ်ဈေးနှုန်းများလျှော့ချပေးခြင်း၊ ဝန်ဆောင်မှုအရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်ထားခြင်းအပြင် လုံခြုံစိတ်ချရသော ခရီးစဉ်ဒေသအဖြစ် ပုံဖော်ခြင်းသည် ပဋိပက္ခအလွန်ကာလခရီးသွား (Post Conflict Travellers) များအတွက် ပိုမိုကိုက်ညီမှုရှိသော ခရီးသွားမြှင့်တင်ရေးပုံစံကို အလေးပေးဆောင်ရွက်သင့်ကြောင်းတင်ပြလိုရင်းဖြစ်ပါသည်။

ယင်းလုပ်ငန်းစဉ်အောက်တွင် သတင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေခြင်း၊ ကူညီကယ်ဆယ်ရေးဆိုင်ရာ သတင်းအချက်အလက်များကို လွယ်ကူစွာရရှိနိုင်စေရန် ဆောင်ရွက်ပေးခြင်း၊ ပြန်လည်ထူထောင်မည့် ခရီးစဉ်ဒေသများသို့ ဂုဏ်သတင်းကျော်ကြားသူများ၊ အကြီးအကဲများ ကိုယ်တိုင် သွားရောက်လည်ပတ်၍ သတင်းထုတ်ပြန်ခြင်း၊ ခရီးသွားအာမခံများ ရောင်းချပေးခြင်း၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်မှုကောင်းမွန်စေရန် ဆောင်ရွက်ပေးခြင်းတို့သည် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များဖြစ်ပါသည်။ ဒေသတွင်းနှင့် နိုင်ငံတကာခရီးသွားပြပွဲများတွင် ပါဝင်ပြသခြင်း၊ ခရီးသွားလှုံ့ဆော်မှုများ (Travel Campaign) ဆောင်ရွက်ခြင်းတို့သည်လည်း ထိရောက်သော လုပ်ဆောင်မှုများ ဖြစ်ပါသည်။

**ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်**

ယခု အရှေ့အလယ်ပိုင်းပဋိပက္ခသည် ၎င်းတို့၏ ဒေသတွင်းသာမက လွတ်ကင်းသော ဒေသများတွင် လောင်စာဆီရှားပါးမှုပြဿနာကြောင့် စီးပွားရေးအကျပ်အတည်းအသွင်ဆောင်ကာ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေလျက်ရှိပါသည်။ ထို့ကြောင့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်းကို လေ့လာဆန်းစစ်ကြည့်ပါက အရှေ့အလယ်ပိုင်းဒေသ၏ ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုပုံစံနှင့်အခြားသောဒေသများ (အထူးသဖြင့် အာရှနှင့် ပစိဖိတ်ဒေသ)၏ ခရီးသွားလုပ်ငန်းအပေါ် ထိခိုက်မှုပုံစံတို့သည် ကွဲပြားခြားနားသော အနေအထားဖြင့် ဖြစ်ပေါ်လျက်ရှိသည်ဖြစ်ရာ ကိုင်တွယ်စီမံရမည့်ပုံစံနှင့် ပြန်လည်ထူထောင်ရမည့်ပုံစံတို့သည် ကွဲပြားခြားနားမည်ကို ဂရုပြုသင့်လှသည်။ အခြားဒေသများ၌ ခရီးသွားလုပ်ငန်း ပြန်လည်ဖွံ့ဖြိုးလာစေရန် ဆောင်ရွက်ရမည့်ပုံစံသည် ပဋိပက္ခအခြေခံသောပုံစံမျိုးမဟုတ်ဘဲ စွမ်းအင်လောင်စာနှင့် စီးပွားရေးအကျပ်အတည်း ပြေလျော့မှုအပေါ် အခြေခံမည်ဖြစ်ပါသည်။ ဤနေရာတွင် သတင်းအချက်အလက်ထက် လောင်စာနှင့် စွမ်းအင်ရရှိမှု (Energy Availability) အပေါ်မူတည်၍ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ လက်ရှိတွင်လည်း မြန်မာနိုင်ငံရှိ ထင်ရှားသော ခရီးစဉ်ဒေသများတွင် ခရီးသွားလာရောက်မှုကို လျော့ကျမသွားစေရေးအတွက် စက်သုံးဆီရရှိနိုင်မည့်နေရာများကို ခရီးသွားလူမှုကွန်ရက်စာမျက်နှာများတွင် စဉ်ဆက်မပြတ် ဖော်ပြပေးလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ စာမျက်နှာ ၇ သို့ ☆

# ငွေဆောင်ကမ်းခြေသို့ ဇန်နဝါရီလအစမှ မတ်လကုန်အထိ ခရီးသွားဧည့်သည် ၁၁၂၉၃၆ ဦး လာရောက်လည်ပတ်ခဲ့



ငွေဆောင် မေ ၁

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ရှိ မြန်မာနိုင်ငံ၏ နာမည်ကြီးအပန်းဖြေကမ်းခြေတစ်ခုဖြစ်သော ငွေဆောင်ကမ်းခြေသို့ ဇန်နဝါရီလအစမှ မတ်လကုန်အထိ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၁၂၉၃၆ ဦးအထိ ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

**ကြည့်ရှုခံစားနိုင်**

ငွေဆောင်ကမ်းခြေသည် ပင်လယ်ရေကြည်လင်ခြင်း၊ ကမ်းခြေသဲသောင်ပြင် သန့်ရှင်းသပ်ရပ်ခြင်း၊ လုံခြုံမှုစိတ်ချရခြင်းတို့ကြောင့် ရေကူးခြင်း၊ လှိုင်းကစားခြင်း၊ ကမ်းခြေတစ်လျှောက် လမ်းလျှောက်ခြင်းတို့ကို စိတ်အေးချမ်းသာစွာ ပြုလုပ်နိုင်ခြင်း၊ Jet Ski၊ Banana Boat၊ Speed boat စသည့် ရေယာဉ်များဖြင့်လည်း ပင်လယ်၏အလှအပနှင့် ကျွန်းများ၏ အလှအပကို အနီးကပ်ကြည့်ရှုခံစားနိုင်ခြင်း၊ လည်ပတ်စရာနေရာပေါများခြင်းတို့ကြောင့် ခရီးသွားဧည့်သည်များ စိတ်ဝင်တစားဖြင့် စဉ်ဆက်မပြတ် လာရောက်လည်ပတ် အပန်းဖြေလျက်ရှိကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေတွင် ဟိုတယ် ၃၈ လုံး၊ တည်းခိုရိပ်သာအလုံး ၇၀ ဖြင့် ကမ်းခြေသို့လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များကို ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

**ကျော်လင်းဦး(ပြန်/ဆက်)**

# ငပုတောမြို့၌ မီးဘေးအန္တရာယ်ကင်းဝေးစေရေး စစ်ဆေး



ငပုတော မေ ၁

ဧရာဝတီ တိုင်းဒေသကြီး ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း ယနေ့နံနက်ပိုင်းက မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်နှင့်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်နီလာဦးနှင့် ဝန်ထမ်းများက မီးဘေးအန္တရာယ် ကင်းဝေးစေရေး လိုက်လံစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြို့မဈေးအတွင်းရှိ ဈေးတာဝန်ခံရုံးအတွင်းတွင် သဲပုံး၊ ရေပုံး၊ မီးသတ်ဆေးဘူးများ စနစ်တကျ တပ်ဆင်ထားခြင်း ရှိ/မရှိနှင့် မြို့မဈေးအတွင်း ရောင်းချလျက်ရှိသော ဈေးဆိုင်ခန်းများအတွင်း မီးသတ်ဆေးဘူးများ အသင့်ထားရှိမှု ရှိ/မရှိကို ကြည့်ရှုစစ်ဆေးပြီး မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည်။

ဆက်လက်ပြီး ငပုတောမြို့နယ် စည်ပင်သာယာရေး အဖွဲ့ရုံးတွင် မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြပွဲကို ဆောင်ရွက်ရာ မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမင်းအောင်က မီးသတ်ဆေးဘူးအသုံးပြုပုံကို ရှင်းလင်းပြသပြီး လက်တွေ့သရုပ်ပြလေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်သူ(ပြန်/ဆက်)**



ရန်ကုန်တိုင်းဒေသကြီး အင်းစိန်ခရိုင် အင်းစိန်မြို့နယ်ခန်းမ၌ မေ ၁ ရက် နံနက်ပိုင်းက ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား အစဉ်အလာမပျက် ကျင်းပနိုင်ရေးအတွက် ဌာနဆိုင်ရာများနှင့် ရပ်ကွက်များမှ ယိမ်းအဖွဲ့များ အကတိုက်လေ့ကျင့်နေမှုကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးစဉ်။ မြင့်ဦး

# ကန်ကြီးထောင့်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် သရုပ်ပြလေ့ကျင့်

**ကန်ကြီးထောင့် မေ ၁**

ဧရာဝတီ တိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မြို့နယ် မီးသတ်ဦးစီးဌာနမှုကြီးမှူး၍ အမှတ်(၁)ရပ်ကွက်ရှိ တန် ၁၀၀ ဆန်စက်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စစ်ဆေးခြင်းနှင့် သရုပ်ပြလေ့ကျင့်နေမှုများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုး ဦးဆောင်၍ သန္ဓေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဆန်စက်တာဝန်ရှိသူများ ပူးပေါင်း၍ ဆန်စက်အတွင်း အသုံးပြုလျက်ရှိသော လျှပ်စစ်ပစ္စည်းများ ကောင်းမွန်မှုရှိ/မရှိ၊ မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် မီးသတ်ဆေးဘူးထားရှိမှုအခြေအနေများကို စစ်ဆေးခဲ့ကြသည်။

ထို့နောက် ဆန်စက်ဝန်ထမ်းများအား မီးသတ်ဆေးဘူးဖြင့် လက်တွေ့ မီးငြိမ်းသတ်ခြင်း၊ ဇာတ်တိုက် လေ့ကျင့်ခြင်းများကို ဆောင်ရွက်ခဲ့ပြီး မီးဘေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မိုးဟိန်းထက်**

# မကွေးမြို့၌ သစ်တောဈေး တည်ဆောက်လျက်ရှိ



**မကွေး မေ ၁**

မကွေးမြို့ပေါ်ရှိ အောင်မေတ္တာရပ်ကွက်၊ အောင်စေတနာရပ်ကွက်နှင့် တိုးချဲ့ရပ်ကွက်တို့မှ ပြည်သူများ သန့်ရှင်းသပ်ရပ်စွာ ဈေးဝယ်ယူနိုင်ရန်နှင့် ပျံကျဈေးသည်များ စနစ်တကျ ရောင်းချနိုင်ရန်အတွက် သစ်တောဈေးကို တည်ဆောက်လျက်ရှိသည်။

အဆိုပါ သစ်တောဈေးကို ပြည်သူများ ထည့်ဝင်ငွေကျပ်သန်း ၂၀၀ ဖြင့် ဖေဖော်ဝါရီလမှစတင်တည်ဆောက်ခဲ့ပြီး လက်ရှိတွင် ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ရာ သစ်တောဈေးတွင် ကုန်ခြောက်ဆိုင် ၁၄၀၊ သား/ငါး ၁၂ ခန်းနှင့် ပျံကျ ၈၄ ခန်းပါရှိသည်။

အဆိုပါ သစ်တောဈေးတွင် ဈေးသည်များ အဆင်ပြေစေရန်အတွက် ဈေးဆိုင်ခန်းများ၌ ရေ၊ မီးနှင့် သန့်စင်ခန်းများကို စုံလင်စွာ ဆောင်ရွက်ပေးထားသည့်အပြင် သွားလာရေးအဆင်ပြေစေရန် ဈေးအတွင်း လမ်းမကြီးနှင့် လမ်းသွယ်များကို ကွန်ကရစ်ခင်းခြင်းများ ဆောင်ရွက်ပေးထားပြီး မကွေးမြို့ အောင်မေတ္တာရပ်ကွက် ပညာရေး ကောလိပ်လမ်းနှင့် သုခိတာလမ်းကြား၌ တည်ဆောက်ထားကြောင်း သိရသည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

☆ စာမျက်နှာ ၆ မှ

ယင်းသည် ခရီးသွားမကျဆင်းသွားစေရေးအတွက် Energy Availability ကို ဆောင်ရွက်ပေးနေခြင်း ဖြစ်ပါသည်။

ခရီးသွားများဘက်သို့ လေ့လာကြည့်မည်ဆိုပါက စုပေါင်းခရီးသွားခြင်း (Mass Tourism) သည် လျော့ကျသွားဖွယ်ရှိပြီး လူဦးရေအနည်းငယ်သာပါဝင်သည့် Package Tour များသာ သွားရောက်ရန် ခန့်မှန်းထားကြသည်။ အိမ်နီးချင်းနိုင်ငံများနှင့် ခရီးတို (Short Haul Travel) များကို ပိုမိုသွားရောက်လည်ပတ်ရန် အခွင့်အလမ်းများတိုးလာမည်ဟု ခန့်မှန်းရသည်။ သို့ဖြစ်ရာ ဒေသတွင်းခရီးသွားလုပ်ငန်း Intra ASEAN ကဲ့သို့သော ဒေသတွင်းခရီးသွားလုပ်ငန်း (Regional Tourism) ဖွံ့ဖြိုးလာနိုင်ပါသည်။

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများသည် ကမ္ဘာ့ခရီးသွားလုပ်ငန်းကို အချိန်တိုအတွင်း ထိခိုက်စေနိုင်သော်လည်း အချိန်ကာလ အတိုင်းအတာတစ်ခုတွင် ခရီးသွားဈေးကွက် ဖြစ်ပေါ်မှုကို သဘာဝအလျောက် အလိုက်သင့် ချိန်ညှိပြုပြင်သွားမည်ဟု ယူဆရသည်။ ထို့ကြောင့်လည်း ခရီးသွားလုပ်ငန်းသည် ပျောက်ကွယ်သွားခြင်းမဟုတ် နေရာရွှေ့ပြောင်းသွားခြင်းသာဖြစ်သည်။ ထို့ကြောင့် "Tourism does not disappear– it relocates" ဟု ဆိုခြင်းဖြစ်ပါသည်။ အရှေ့အလယ်ပိုင်းဒေသ ခရီးသွားလုပ်ငန်းသည် ယာယီအားဖြင့် ဘေးကင်းလုံခြုံသော ခရီးစဉ်ဒေသများ (Safe Destination) ဆီသို့ ရွှေ့ပြောင်းသွားခြင်းသာ ဖြစ်သည်ဟု ဆိုရပေမည်။ တစ်နေရာတွင် အကျပ်အတည်းဖြစ်နေသော်လည်း အခြားတစ်နေရာတွင် လူသားတို့အတွက် အခွင့်အလမ်းရှိနေမည်ဖြစ်ပါသည်။ အနာဂတ်တွင်လည်း ခရီးသွားလုပ်ငန်း၏ တည်ငြိမ်မှုနှင့် ကြံ့ကြံ့ခံနိုင်မှုကို ထိန်းသိမ်းရန် လုံခြုံရေးနှင့် စီမံခန့်ခွဲမှုများသည် အရေးပါသော အခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေမည်သာဖြစ်ပါသည်။ ။

**ညအချိန် အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ရန်ကုန်တိုင်းဒေသကြီး၌ လမ်းလျှောက်သင်္ကြန်နှင့် ယိမ်းအကပြိုင်ပွဲများ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီး၌ မြန်မာ့ရိုးရာယဉ်ကျေးမှု သင်္ကြန်ပွဲတော်ကို လမ်းလျှောက်သင်္ကြန်၊ ဗဟိုမဏ္ဍပ်နှင့် ယိမ်းအကပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ကျင်းပရေးကော်မတီထံမှ သိရသည်။

**ဆောင်ရွက်လျက်ရှိ**

ထိုသို့ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်း မြို့တော်ခန်းမရှေ့ ရန်ကုန်မြို့တော်မဟာသင်္ကြန်ဗဟိုဖျော်ဖြေရေးမဏ္ဍပ် တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ရှိသူများ၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဗဟိုမဏ္ဍပ်၌ ကျင်းပမည့် ယိမ်းအကပြိုင်ပွဲတွင် မူကြိုကျောင်းများက ၁၂ ဦးယိမ်း၊ အခြေခံကျောင်းများက ၁၂ ဦးယိမ်းနှင့် ၁၆ ဦးယိမ်း၊ ရုံးနှင့်အခြားဌာနများက ၁၂ ဦးယိမ်းနှင့် ၁၆ ဦးယိမ်း၊ အလွတ်တန်းအဖြစ် ၂၀ ဦးယိမ်း၊ အမျိုးသားအလွတ်တန်းအဖြစ် ၁၂ ဦးယိမ်းနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကများကို သီးခြားကျင်းပပေးမည်ဖြစ်ပြီး မဟာသင်္ကြန်ရက်များအတွင်း ဗဟိုမဏ္ဍပ်၌ နေ့စဉ်နံနက်ပိုင်းနှင့်ညနေပိုင်းတို့တွင် တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ပြိုင်ပွဲဝင်ယိမ်းအဖွဲ့များ၏ ကပြဖျော်ဖြေယှဉ်ပြိုင်မှုများ၊ စတုဒိသာညှော်ခံကျွေးမွေးရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



# ညောင်ဦးမြို့နယ်၌ လမ်းလျှောက်သင်္ကြန်ကျင်းပမည့်နေရာအား ကွင်းဆင်းကြည့်ရှု

ညောင်ဦး ဧပြီ ၁

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းအတွင်းကျင်းပမည့် လမ်းလျှောက်သင်္ကြန်နှင့် ဗဟိုမဏ္ဍပ်ဆောက်လုပ်မည့်နေရာ၊ ရေကစားမဏ္ဍပ်ဆောက်လုပ်မည့်နေရာနှင့် ပုဂံအငွေ့အသက်ဖြစ်သည့် သင်္ကြန်မုခ်ဦးတည်ဆောက်မည့် နေရာတို့ကို ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။



မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်အား ပုဂံမြို့ဟောင်းအတွင်း လမ်းလျှောက်သင်္ကြန်နှင့် အတူ သနပ်ခါးမဏ္ဍပ်၊ စတုဒိသာမဏ္ဍပ်၊ ရေကစားမဏ္ဍပ်များ၊ ပုဂံအငွေ့အသက် မုခ်ဦးတည်ဆောက်မည့် နေရာ၊ ပုဂံမြို့ဟောင်းလမ်းတစ်လျှောက် ပုဂံထီး၊ ပုသိမ်ထီးများ အလှဆင်မည့် နေရာတို့အား ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်မင်းညိုနှင့် ခရိုင်ကော်မတီဝင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ညွှန်ကြားရေးမှူး ဦးညီမွန်း၊ ယွန်းကောလိပ်(ပုဂံ) ကျောင်းအုပ် ဆရာမကြီး ဒေါ်နီလာမြင့်နှင့်တာဝန်ရှိသူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုသင်္ကြန်အား ပုဂံအငွေ့အသက်ဖြင့် အနှစ်သာရပြည့်ဝစွာကျင်းပနိုင်ရေး၊ သနပ်ခါးမဏ္ဍပ်ထည့်သွင်းကျင်းပနိုင်ရေးနှင့် မြန်မာ့ရိုးရာနွားလှည်းများဖြင့် ရေကစားနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးရာ သတ်မှတ်ဖွဲ့စည်းပေးထားသည့် ဆပ်ကော်မတီမှ တာဝန်ရှိသူများက မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်အား တီးဝိုင်းငါးဝိုင်းဖြင့် ဖျော်ဖြေတင်ဆက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **ဒီပါလင်း**

# သဲကုန်းမြို့နယ်၌ သင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိ

သဲကုန်း ဧပြီ ၁

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်၌ မြန်မာ့ရိုးရာနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းမှစ၍ မြန်မာ့ရိုးရာယဉ်ကျေးမှုနှစ်သစ်ကူး မဟာသင်္ကြန်ပွဲတော်တွင်ဖျော်ဖြေတင်ဆက်မည့် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ယိမ်းအဖွဲ့များအနေဖြင့် မြို့နယ်ပညာရေးမှူးရုံးအစည်းအဝေးခန်းမတွင် အကတိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

သဲကုန်းမြို့နယ်တွင် မြန်မာ့ရိုးရာယဉ်ကျေးမှု နှစ်သစ်ကူးမဟာသင်္ကြန်ပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲနိုင်ရန် ဗဟိုရေကစားမဏ္ဍပ်တွင် လမ်းလျှောက်သင်္ကြန်ဖြင့် ရေပက်ကစားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး သီဆို၊ ကပြဖျော်ဖြေတင်ဆက်မည့် ရပ်ကွက်များနှင့် ဌာနဆိုင်ရာယိမ်းအဖွဲ့များက အကတိုက်လေ့ကျင့်ခြင်းများနှင့် ဗဟိုရေကစားမဏ္ဍပ်အား သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကျော်(သဲကုန်း)**



# တောင်ငူမြို့၌ သင်္ကြန်ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

တောင်ငူ ဧပြီ ၁

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့က ကြီးမှူး၍ မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့



နံနက် ၉ နာရီခွဲက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက အမှာစကားပြောကြားသည်။ ထို့နောက် ဆပ်ကော်မတီဝင်များက ဗဟိုမဏ္ဍပ်တည်ဆောက်နေမှု၊ ရေကစားမဏ္ဍပ်သို့ လာရောက်ဆင်နွှဲကြမည့်သူများအား သင်္ကြန်ကာလအတွင်း စတုဒိသာအလှူပြုလုပ်မည့်အစီအစဉ်များ၊ ရေကစားနိုင်ရေး ရေသွယ်တန်းထားရှိမည့် အစီအစဉ်များ၊ လမ်းလျှောက်သင်္ကြန်၊ မြန်မာ့ရိုးရာသနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်ကျင်းပနိုင်ရေး၊ ယိမ်းအကအဖွဲ့များ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ ဇီဝိတဒါနငါးလွှတ်ပွဲနှင့် သက်ကြီးဘိုးဘွားပူဇော်ပွဲ ဆောင်ရွက်ထားရှိမှုတို့ကို တင်ပြဆွေးနွေးကြရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

# မြောက်ဥက္ကလာပမြို့နယ်၌ သင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဧပြီ ၁

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်နှင့် လမ်းလျှောက်သင်္ကြန်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူက မိမိတို့မြောက်ဥက္ကလာပမြို့နယ်အတွင်း မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကော်မတီအသီးသီးဖွဲ့စည်းကာ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများက မဟာသင်္ကြန်ပွဲတော် အောင်မြင်စွာဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာကဏ္ဍများအလိုက် ပူးပေါင်းစေလိုကြောင်းနှင့် ဆပ်ကော်မတီများက လုပ်ငန်းများ စီစဉ်ဆောင်ရွက်ထားရှိမှုများ တင်ပြနိုင်ရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**



# သထုံမြို့၌ မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

သထုံ ဧပြီ ၁

မွန်ပြည်နယ် သထုံမြို့တွင် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ခရိုင်အဆင့် ဗဟိုရေကစားမဏ္ဍပ်နှင့် လမ်းလျှောက်သင်္ကြန်၊ စတုဒိသာအလှူများ၊ ယိမ်းအဖွဲ့ပြိုင်ပွဲများ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

သထုံမြို့၏ ဗဟိုရေကစားမဏ္ဍပ်ကို သထုံမြို့လယ် ရွှေစာရံစေတီတော်မြတ်ကြီး အနောက်ဘက်မုခ်ရှေ့ရှိ ရန်ကုန်-မော်လမြိုင် ကားလမ်းနံဘေး အဝေးပြေး ယာဉ်ရပ်နားကွင်းအတွင်း၌ တည်ဆောက်သွားမည်ဖြစ်ပြီး ယိမ်းအဖွဲ့ခြောက်ဖွဲ့တို့က ယှဉ်ပြိုင်ခြင်း၊ နေ့စဉ်အဖွဲ့အစည်းအသီးသီးနှင့် ရပ်ကွက်တို့မှ ယိမ်းအဖွဲ့များ၊ အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ ပါဝင်ယှဉ်ပြိုင်ဖျော်ဖြေကြမည့် ယိမ်းအဖွဲ့များ မိမိတို့ရပ်ကွက်အလိုက် သတ်မှတ်နေရာအသီးသီးတွင် ကြိုတင်လေ့ကျင့်လျက်ရှိသည်။



သထုံမြို့နယ်တွင် ယခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို ရေကစားမဏ္ဍပ်များ၊ ရိုးရာသင်္ကြန်ယိမ်းအက ပြိုင်ပွဲများ၊ အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ လမ်းလျှောက်သင်္ကြန်ပွဲ၊ ဇီဝိတဒါနငါးလွှတ်ပွဲ၊ သက်ကြီးပူဇော်ပွဲ စသည်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ရိုးရာအတာသင်္ကြန်ပွဲတော်ကာလ ကျန်းမာရေး အသိပေးနှိုးဆော်ချက်

၂၀၂၆ ခုနှစ် ရိုးရာအတာသင်္ကြန်ပွဲတော်တွင် မိဘပြည်သူများ ကျန်းမာရေးနှင့်အညီ ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြနိုင်ရေး အောက်ဖော်ပြပါ ကျန်းမာရေးအသိပေးချက်များကို သတိပြုလိုက်နာ ဆောင်ရွက်ပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(က) အပူဒဏ်အန္တရာယ်မှကာကွယ်ရန်အတွက် နေ့လယ်ပိုင်း နေရောင်ပြင်းထန်ချိန်တွင် အရိပ်ရသည့် နေရာများတွင် နားနေပါ။ အပြင်ထွက်ပါက (ထီး၊ ဦးထုပ် စသည်) တို့ကို အသုံးပြုပါ။ ရေဓာတ်ခန်းခြောက်မှုမှကာကွယ်ရန် သန့်ရှင်းသည့်သောက်ရေကို မကြာခဏသောက်ပါ။ အရက်သောက်သုံးခြင်းသည် အပူဒဏ်အန္တရာယ် ပိုမိုပြင်းထန်စွာ ခံစားရနိုင်သည်ကို အထူးသတိပြုပါ၊

(ခ) ရေမှတစ်ဆင့်ကူးစက်တတ်သောရောဂါများမှ ကြိုတင်ကာကွယ်ရန်အတွက် ရေကစားရာတွင် သန့်ရှင်းသောရေကိုသာ အသုံးပြုနိုင်ရေးဆောင်ရွက်ပါ။ ရေကစားရာတွင် အသုံးပြုသောရေကို သောက်ခြင်းမပြုသင့်ပါ။ ရေကစားရာတွင် မျက်လုံး၊ နား၊ ပါးစပ်ထဲသို့ ရေများ မဝင်အောင် သတိပြုပါ။ ဖိအားမြင့် အားပြင်းသည့်ရေပန်းဖြင့် မျက်နှာကို တိုက်ရိုက်ပက်ခြင်းမှ ရှောင်ကြဉ်ပါ၊

(ဂ) ထိခိုက်ဒဏ်ရာနှင့် မတော်တဆမှုများကာကွယ်ရန်အတွက် စိုစွတ်လျက်ရှိသော လမ်းများတွင် ချော်လဲနိုင်၍ သတိထားပါ။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာပါ။ အရက်သေစာ သောက်သုံး၍ ယာဉ်မောင်းနှင်ခြင်းမှ လုံးဝရှောင်ကြဉ်ပါ၊

(ဃ) တစ်ကိုယ်ရေသန့်ရှင်းရေးကောင်းမွန်ရန် လက်များကို မကြာခဏဆေးကြောပါ။ လတ်ဆတ်ပြီး သန့်ရှင်းသော အစားအစာများကိုသာ စားသုံးပါ။ အစားအသောက် ရောင်းချသူများအနေဖြင့် တစ်ကိုယ်ရေသန့်ရှင်းရေး သတိပြုဆောင်ရွက်ပါ။ အစားအစာများကို ယင်နားခြင်းနှင့် အခြားအညစ်အကြေးများ မဝင်ရောက်နိုင်ရန် စနစ်တကျဖုံးအုပ်ပါ၊

(င) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်းနှင့် ထိခိုက်ဒဏ်ရာ တစ်စုံတစ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးစောင့်ရှောက်မှုဆေးခန်း သို့မဟုတ် ပြည်သူ့ဆေးရုံသို့ အမြန်ဆက်သွယ်၍ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန

## မြစ်ကြီးနားမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

မြစ်ကြီးနား ဧပြီ ၁

ခရစ်သက္ကရာဇ် ၂၀၂၆ ခုနှစ် (မြန်မာသက္ကရာဇ် ၁၃၈၇ ခုနှစ်)တွင် ကျရောက်တော့မည့် မြန်မာ့ ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့၌ မိရိုးဖလာ ယဉ်ကျေးမှုနှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး ယခုနှစ်တွင် ဆွမ်ပရာဘွမ်လမ်းမကြီးပေါ်တွင် လည်းကောင်း၊ မင်းရပ်ပြည်သူ့ရင်ပြင်တွင် လည်းကောင်း၊ ရောဝတီရှုခင်းသာ အပန်းဖြေစခန်းနေရာတွင် လည်းကောင်း လမ်းလျှောက်သင်္ကြန်ပွဲတော်များကို ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ်တွင် မဟာသင်္ကြန်ပွဲတော်ကို ဆွမ်ပရာဘွမ်လမ်းမကြီး ကျောက်စိမ်းတုံးမီးပွိုင့်မှ မီးရထားသံကူးနေရာအထိ လမ်းအရှည်ပေ ၉၅၀ ပေါ်တွင် ဗဟိုမဏ္ဍပ်ကို တည်ဆောက်လျက်ရှိပြီး လမ်းလျှောက်သင်္ကြန်ပွဲတော်ကိုလည်း အဆိုပါ ဆွမ်ပရာဘွမ်လမ်းမကြီးပေါ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် လမ်းလျှောက်သင်္ကြန်အတွင်း စတုဒိသာမဏ္ဍပ်များ၊ မြန်မာတို့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ရိုးရာသနပ်ခါး (နံ့သာလိမ်းခြယ်) မဏ္ဍပ်များနှင့် လောင်းလှေများဖြင့် ရေပက်ကစားနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလှမိုးက ပြောသည်။

ထို့အတူ ဆွမ်ပရာဘွမ်လမ်းမကြီးပေါ်ရှိ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ဂါလန် ၅၀၀၀၀ ဆံ့ ရေလှောင်ကန် နှစ်ကန် တူးဖော်ဆောင်ရွက်ထားပြီး ရေလုံလောက်စွာရရှိရေး ဆောင်ရွက်ထားပြီးဖြစ်ကြောင်းနှင့် လမ်းလျှောက်သင်္ကြန်အတွင်း ရေပန်းများ၊ ပုသိမ်ထီး၊ ရောင်စုံထီးအလှများ တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရပြီး ယခုနှစ်သင်္ကြန်ပွဲတော်ကိုတစ်မူထူးခြားပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဆွမ်ပရာဘွမ်လမ်းမကြီး



လမ်းလျှောက်သင်္ကြန်ပွဲတော်အပါအဝင် မြစ်ကြီးနားမြို့ မင်းရပ်ပြည်သူ့ရင်ပြင်အတွင်း၌လည်း ရောဦးပန်းခြံနှင့် မင်းရပ်ပြည်သူ့ရင်ပြင်အကြား အရှည်ပေ ၆၀၀ ရှိ ကမ်းနားလမ်းတစ်လျှောက်တွင်လည်း လမ်းလျှောက်သင်္ကြန်ပွဲတော်အဖြစ် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အတွက် ယိမ်းအဖွဲ့များ အကလေ့ကျင့်နေမှု ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှ ကြည့်ရှုအားပေး



ဟားခါး ဧပြီ ၁

ဟားခါးမြို့တွင် ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ကျင်းပမည့် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အတွက် ယိမ်းအကအဖွဲ့များက အကလေ့ကျင့်နေမှုကို ပြည်နယ်တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစိန်ထွန်းလှက ဧပြီ ၁ ရက်တွင် သွားရောက်ကြည့်ရှုအားပေးသည်။

ဟားခါးမြို့တွင် ၂၀၂၆ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ အစိုးရ၊ လွှတ်တော်နှင့် ပြည်သူများ ပူးပေါင်း၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ယိမ်းအကအဖွဲ့ ရှစ်ဖွဲ့ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ပြည်နယ်အဆင့် ဌာနဆိုင်ရာအဖွဲ့များ မြန်မာ့ရိုးရာ လမ်းလျှောက်သင်္ကြန်ပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး ကြိုတင်လေ့ကျင့်

မော်လမြိုင် ဧပြီ ၁

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်၌ ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်တွင် လမ်းလျှောက်သင်္ကြန်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ မော်လမြိုင်မြို့နယ်အတွင်း ဗဟိုမဏ္ဍပ်ဆောက်လုပ်ခြင်း၊ လမ်းလျှောက်သင်္ကြန်၊ သနပ်ခါးသင်္ကြန်၊ လက်ဖက်သင်္ကြန်၊ ထမနဲသင်္ကြန်များ ပြုလုပ်ဆောင်ရွက်ခြင်း၊ ရေကစားမဏ္ဍပ်များဆောင်ရွက်ခြင်း၊ စတုဒိသာကျွေးမွေးဆောင်ရွက်ခြင်းနှင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ပရိတ်တရားတော်နာယူခြင်း၊ သက်ကြီးဘိုးဘွားများအားပူဇော်ကန်တော့ခြင်းနှင့် ဇီဝိတဒါနငါးလွှတ်ခြင်းများ ကျင်းပမည်ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် (ဗဟို)မဏ္ဍပ်တွင် ဖျော်ဖြေရေးယိမ်းများ၊ ပြိုင်ပွဲဝင်ယိမ်းများဖြင့် အလှည့်ကျဖျော်ဖြေတင်ဆက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ပြည်နယ်မီးသတ်ဦးစီးဌာန ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ သူနာပြုသင်တန်းကျောင်း၊ သားဖွားသင်တန်းကျောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ဖျော်ဖြေရေးယိမ်းနှင့် ပြိုင်ပွဲဝင်ယိမ်းများမှ လုပျိုဖြူများက မြန်မာ့ရိုးရာသင်္ကြန်တွင် ညီညာစွာ ဖျော်ဖြေနိုင်ရေးအတွက် ယိမ်းအကများကို လေ့ကျင့်လျက်ရှိကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

## ကံမမြို့၌ မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်လျက်ရှိ

ကံမ ဧပြီ ၁

မကွေးတိုင်းဒေသကြီး ကံမမြို့တွင် ၁၃၈၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ကံမမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မဟာသင်္ကြန် ဗဟိုမဏ္ဍပ်ကို မြို့လယ်လူစည်ကားရာ လမ်းစုံနေရာ၌ ဆောက်လုပ်လျက်ရှိပြီး တေးဂီတ အဆိုအကများ၊ ယိမ်းအကအဖွဲ့များဖြင့် လမ်းလျှောက်သင်္ကြန်အဖြစ် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ရေကစားမဏ္ဍပ်များ အပါအဝင် ရေမပြတ်အောင် စီစဉ်ဆောင်ရွက်ထားရှိကြောင်း၊ ယိမ်းအဖွဲ့များက ယိမ်းအက တိုက်ခြင်းများ ဆောင်ရွက်ထားရှိသည့် အပြင် မြန်မာ နှစ်ဆန်းတစ်ရက်နေ့တွင် ဇီဝိတဒါန ငါးလွှတ်ပွဲများ၊ သက်ကြီးပူဇော်ပွဲများ၊ အန္တရာယ်ကင်းပရိတ်



တရားတော် ရွတ်ဖတ်ပူဇော်ပွဲများနှင့် စတုဒိသာ ကျွေးမွေးညှော်ခံခြင်းများကို စီစဉ်ဆောင်ရွက်ထားရှိကြောင်း မဟာသင်္ကြန်ပွဲတော်ကျင်းပရေး ဦးစီးကော်မတီထံမှ သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**

❖ ကျောဖုံးမှ

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ရောက်ချိန် | | ပြေးဆွဲမည့် နေ့ရက် |
|---|---|---|---|---|---|---|
| | | မှ | ထိ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အဆန်အထူး DEMU(စပိန်) | ရန်ကုန် | နေပြည်တော် | ဝ၆:၃ဝ | ၁၂:ဝဝ | ၁ဝ.၄.၂ဝ၂၆ ၁၁.၄.၂ဝ၂၆ ၁၂.၄.၂ဝ၂၆ ၁၉.၄.၂ဝ၂၆ ၂ဝ.၄.၂ဝ၂၆ |
| ၂ | အစုန်အထူး DEMU(စပိန်) | နေပြည်တော် | ရန်ကုန် | ၁၂:၃ဝ | ၁၈:ဝဝ | ၁ဝ.၄.၂ဝ၂၆ ၁၁.၄.၂ဝ၂၆ ၁၂.၄.၂ဝ၂၆ ၁၉.၄.၂ဝ၂၆ ၂ဝ.၄.၂ဝ၂၆ |
| ၃ | အဆန်အထူး (လေအိတ်) | ရန်ကုန် | ပြည် | ၁၃:ဝဝ | ၂ဝ:၅၅ | ၁ဝ.၄.၂ဝ၂၆ ၁၁.၄.၂ဝ၂၆ ၁၂.၄.၂ဝ၂၆ ၁၉.၄.၂ဝ၂၆ ၂ဝ.၄.၂ဝ၂၆ |
| ၄ | အစုန်အထူး (လေအိတ်) | ပြည် | ရန်ကုန် | ၂၂:၃ဝ | ဝ၆:၃ဝ | ၁ဝ.၄.၂ဝ၂၆ ၁၁.၄.၂ဝ၂၆ ၁၂.၄.၂ဝ၂၆ ၁၉.၄.၂ဝ၂၆ ၂ဝ.၄.၂ဝ၂၆ |
| ၅ | အဆန်အထူး (လေအိတ်) | ရန်ကုန် | မော်လမြိုင် | ဝ၉:၁၅ | ၁၈:ဝဝ | ၁ဝ.၄.၂ဝ၂၆ |
| | | ရန်ကုန် | မော်လမြိုင် | ဝ၉:၁၅ | ၁၈:ဝဝ | ၁၁.၄.၂ဝ၂၆ ၁၂.၄.၂ဝ၂၆ ၁၉.၄.၂ဝ၂၆ ၂ဝ.၄.၂ဝ၂၆ |
| ၆ | အစုန်အထူး (လေအိတ်) | မော်လမြိုင် | ရန်ကုန် | ဝ၉:၁၅ | ၁၇:၅၅ | ၁၁.၄.၂ဝ၂၆ ၁၂.၄.၂ဝ၂၆ ၁၉.၄.၂ဝ၂၆ ၂ဝ.၄.၂ဝ၂၆ |
| | | မော်လမြိုင် | ရန်ကုန် | ဝ၉:၁၅ | ၁၇:၅၅ | ၂၁.၄.၂ဝ၂၆ |

အထက်ပါနေ့ရက်များအလိုက် ထပ်မံတိုးချဲ့ ပြေးဆွဲပေးမည့် အထူးရထားများ၏ လက်မှတ်ခနှုန်းထားနှင့် ရပ်တန့်မည့်ဘူတာများမှာ နေ့စဉ်ပုံမှန်ပြေးဆွဲပေးလျက်ရှိသည့် ရထားများအတိုင်းဖြစ်ကြောင်းနှင့် ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-ပြည်-ရန်ကုန်နှင့် ရန်ကုန်-မော်လမြိုင်-ရန်ကုန်လမ်းပိုင်းတွင် အထက်တန်းလက်မှတ်အား(၃)ရက်ကြိုတင်၍လည်းကောင်း၊ ရိုးရိုးတန်းလက်မှတ်အား(၁)ရက်ကြိုတင်၍လည်းကောင်း သက်ဆိုင်ရာဘူတာများတွင် ဝယ်ယူနိုင်ကြောင်း၊ ထို့ပြင် ရန်ကုန်-နေပြည်တော်-ရန်ကုန် လမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် ပုံမှန်ရထားများနှင့် အထူးရထားများအတွက် အွန်လိုင်းမှလက်မှတ်ရောင်းချခြင်းနှင့် ငွေပေးချေခြင်း (Online Railway Ticketing and Payment System – ORTP)စနစ်ဖြင့် ကြိုတင်ဝယ်ယူနိုင်ပြီး ခရီးစဉ်အစအဆုံးဘူတာများအတွက်(၇)ရက်နှင့်ကြားဘူတာများတွက်(၃)ရက်ကြိုတင်၍ ဝယ်ယူနိုင်မည်ဖြစ်သည်။

အထက်ပါ ထပ်တိုးပြေးဆွဲပေးသည့် ရန်ကုန်-ပြည်နှင့် ရန်ကုန်-မော်လမြိုင် အစုန်/အဆန် အထူးလေအိတ်ရထားများတွင် အထက်တန်း(၆)တွဲနှင့် ရိုးရိုးတန်း(၈)တွဲ၊ ဘရိတ်တွဲ(၁)တွဲဖြင့် ဝန်ချိန်ပြည့်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

သင်္ကြန်အကြိုနေ့ဖြစ်သည့် ဧပြီ ၁၃ ရက်မှ သင်္ကြန်အတက်နေ့ဖြစ်သည့် ၁၆ ရက်အထိ ပုံမှန်ပြေးဆွဲလျက်ရှိသည့် လူစီးအမြန်ရထားအချို့ ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ရာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် အမှတ်(၇)အဆန်၊ (၈)အစုန်၊ (၃၁)အဆန်၊ (၃၂)အစုန်၊ (၃၃)အဆန်၊ (၃၄)အစုန် ရန်ကုန်-နေပြည်တော်-ရန်ကုန် ခရီးစဉ် DEMU ရထားများ၊ အမှတ်(၂၇) အဆန်၊ (၂၈)အစုန် နေပြည်တော်-မန္တလေး-နေပြည်တော် ခရီးစဉ် BEL ရထား၊ အမှတ်(၁)အဆန်၊ (၂)အစုန် ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ် စာပို့ရထား ၊ အမှတ်(၁၅) အဆန်၊ (၁၆)အစုန်၊ ရန်ကုန် – ပဲခူး– ရန်ကုန် DEMU ရထား၊ အမှတ် (သ-၃ဝ၁)အဆန်၊ (၃ဝ၂)အစုန် သာစည်-မန္တလေး-သာစည် ခရီးတို RBE ရထား၊ ရန်ကုန်-ပြည်လမ်း ပိုင်းတွင် အမှတ်(၇၁)အဆန်၊(၇၂) အစုန် ရန်ကုန်-ပြည်-ရန်ကုန်ခရီးစဉ် လူစီးအမြန်ရထား၊ အမှတ် (၆၅)အဆန်၊ (၆၆)အစုန် အင်းစိန်-ဥက္ကံ-အင်းစိန် ခရီးစဉ် စာပို့ရထားတို့ဖြစ်သည်။

ထို့အတူ ရန်ကုန်မြို့ပတ် ရထားများကိုလည်း ဧပြီ ၁၃ ရက်မှ ၁၆ ရက်အထိ ခေတ္တရပ်နားထားမည်ဖြစ်သည်။

ရန်ကုန်-ပုဂံလမ်းပိုင်း၌ အမှတ်(၆၁)အဆန်၊ (၆၂)အစုန် ရန်ကုန်-ပျဉ်းမနား -ပုဂံ ခရီးစဉ် ရထားများကို ဧပြီ ၁၄ ရက်မှ ၂ဝ ရက်အထိ ပြေးဆွဲမှု ခေတ္တရပ်နားထားမည်ဖြစ်ပြီး ရထားခရီးစဉ်အားလုံး ဧပြီ ၁၇ ရက်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရန်ကုန်-မန္တလေးလမ်းပိုင်း၌ အမှတ်(၁၁) အဆန်၊ အမှတ်(၁၂)အစုန် လူစီးအမြန်ရထား၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်း၌ အမှတ်(၈၁)အဆန်၊ အမှတ်(၈၂)အစုန်လူစီးအမြန်ရထား၊ ရန်ကုန်-ပြည်လမ်းပိုင်း၌ အမှတ်(၆၃)အဆန် ၊ အမှတ်(၆၄)အစုန် လူစီးစာပို့ရထား ၊ သာစည်-တောင်ကြီးလမ်းပိုင်း၌ အမှတ်(၁၄၁)အဆန်၊ အမှတ်(၁၄၂)အစုန် စာပို့ရထား၊ ပျဉ်းမနား-တောင်တွင်းကြီးလမ်းပိုင်း၌ အမှတ်(၁ဝ၃)အဆန်၊ အမှတ်(၁ဝ၄)အစုန်လော်ကယ်ရထား၊ လက်ပံတန်း-သာရဝေါလမ်းပိုင်း၌ အမှတ် (၁၉၅)အဆန်၊ အမှတ်(၁၉၆)အစုန် လော်ကယ်ရထား၊ မြစ်ကြီးနား-မိုးကောင်းလမ်းပိုင်း၌ မိုးကောင်း(၁)၊ မိုးကောင်း(၂)လူစီးရထားနှင့် ပုသိမ်-ကြံခင်းလမ်းပိုင်း၌ အမှတ်(၁၈၁)အဆန်၊ အမှတ်(၁၈၂)အစုန် လူစီးရထားများကို သင်္ကြန်ကာလရုံးပိတ်ရက်အတွင်း နေ့စဉ်ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရှုခင်းကြည့်ရထားများဖြစ်သည့် ပြင်ဦးလွင်-ဂုတ်ထိပ် ၊ တောင်ကြီး-ပေါမူ ခရီးစဉ်များကိုလည်း သင်္ကြန်ပိတ်ရက်ကာလအတွင်း စီးနင်းလိုသည့် ခရီးသည်များရှိပါက ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ဖြူးချောင်းရေလှောင်တမံ၏ လက်ယာမြောင်းခွဲမှ စိုက်ပျိုးရေမပြတ် ပို့လွှတ်ပေးလျက်ရှိ



ရန်ကုန် ဧပြီ ၁

ယခုနွေစပါးရာသီ၌ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် လူငယ်အားမာန်စိုက်ကွင်းတွင် သမဝါယမဦးစီးဌာနက စမ်းသပ်စိုက်ပျိုးလျက်ရှိသည့် အောင်နိုင်တိုး၊ နံ့ကောက်နှင့် နွေစပါးခင်းများသို့ ဖြူးချောင်း ရေလှောင်တမံ၏ လက်ယာမြောင်းခွဲမှ ဆည်ရေမပြတ် ပို့လွှတ်ပေးနေကြောင်း သိရသည်။

ဖြူးမြို့နယ်ရှိ နွေစပါးစိုက်ခင်းများ၌ ဆင်းသုခ၊ ရက် ၉ဝ၊ နံ့ကောက်၊ ရတနာတိုး၊ ဗီယက်နမ်၊ ပေါ်ဆန်း-၁ နှင့် အောင်နိုင်တိုးမျိုးစပါးတို့ကို တောင်သူများစိုက်ပျိုးထားပြီး ဖြူးရေလှောင်တမံမှ နေ့စဉ် ဆည်ရေပို့လွှတ်ပေးလျက်ရှိကာ သမဝါယမဦးစီးဌာနက ယခုနွေစပါးရာသီ၌ လူငယ်အားမာန်စိုက်ကွင်းတွင် နံ့ကောက် ဧက ၆ဝ နှင့် အောင်နိုင်တိုးမျိုးစပါး ဧက ၄ဝ တို့ကို စမ်းသပ်စိုက်ပျိုးထားသည်။

“ပြည်ထောင်စုဝန်ကြီးရဲ့ လမ်းညွှန်မှုနဲ့ ဒီနွေစပါးရာသီမှာ အောင်နိုင်တိုးနဲ့ နံ့ကောက်မျိုးစပါးကို လူငယ်အားမာန်စိုက်ကွင်းမှာ စမ်းသပ်စိုက်ပျိုးခဲ့တာပါ။ ပန်းတိုင်အထွက်နှုန်းကောင်းတဲ့မျိုးစပါးဖြစ်တဲ့အတွက် အောင်နိုင်တိုး ဧက ၄ဝ နဲ့ နံ့ကောက် ဧက ၆ဝ စမ်းသပ်စိုက်ပျိုးထားပါတယ်။ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေနဲ့ စိုက်ပျိုးနိုင်ခဲ့ပြီး သက်တမ်းတိုပြီး တော့ အထွက်နှုန်းကောင်းတဲ့ အတွက် ဒီနွေရာသီမှာ အထွက်နှုန်း ပေါ်အခြေခံပြီး လာမယ့်နွေရာသီမှာလည်း စိုက်ပျိုးသွားဖို့ ရှိပါတယ်။ ပန်းတိုင်အထွက်နှုန်းရည်မှန်းချက်ဖြစ်တဲ့ မိုးစပါးဆိုရင် တစ်ဧက တင်း ၁ဝဝ နဲ့ နွေစပါးဆိုရင် တစ်ဧက တင်း ၁၁ဝ နဲ့ ရည်မှန်းဆောင်ရွက်နေပါတယ်”ဟု ဖြူးမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဌေးဌေးမြင့်က ပြောသည်။

အဆိုပါစိုက်ကွင်း၌ မိုးရာသီတွင် အောင်နိုင်တိုး၊ နံ့ကောက်၊ ဆင်းသုခ၊ ရက် ၉ဝ၊ ရက် ၁၂ဝ မျိုးစပါးတို့ကို ဧက ၇ဝဝ စိုက်ပျိုးနိုင်ခဲ့ပြီး အောင်နိုင်တိုးမျိုးစပါးကို ဧက ၄ဝဝ စိုက်ပျိုးခဲ့ကာ လာမည့်မိုးရာသီ၌ မိုးစပါးစိုက်ဧက ၇ဝဝ ကျော်တွင် ပေါ်ဆန်း-၁ မျိုးစပါးကို စမ်းသပ်စိုက်ပျိုးသွားမည် ဖြစ်သည်။ ယခုနွေစပါးရာသီ၌ အောင်နိုင်တိုး ဧက ၄ဝ နှင့် နံ့ကောက် ဧက ၆ဝ စုစုပေါင်း ဧက ၁ဝဝ ကို စမ်းသပ်စိုက်ပျိုးထားပြီး ပန်းတိုင်အထွက်နှုန်းပြည့်မီပါက နွေစပါးရာသီတို့တွင် အထွက်နှုန်းကောင်းသော မျိုးစပါးများကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်သည်။

ဖြူးချောင်း ရေလှောင်တမံ၏ ရှစ်မိုင်အကွာတွင်ရှိသည့် လူငယ်အားမာန်စိုက်ခင်းသို့ ဖြူးချောင်း ရေလှောင်တမံ၏ လက်ယာမြောင်းခွဲ မိုင်နာ-၃ မြောင်းမှ စမ်းသပ်စိုက်ပျိုး နွေစပါးခင်းများနှင့် ဖြူးမြို့နယ်အတွင်းရှိ နွေစပါး ဧက ၁၈ဝဝဝ ခန့်အား စိုက်ပျိုးရေမပြတ် ပို့လွှတ်ပေးနေကြောင်း သိရသည်။

ဥဿ၊ ခတ်ပုံ – ကိုလွင်

## ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် လှိုင်ကော်မြို့နယ်တရားရုံး၌ တရားရေးဝန်ထမ်းများနှင့်တွေ့ဆုံ

လှိုင်ကော် ဧပြီ ၁

ကယားပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးထွန်းထွန်းဦးသည် ယနေ့မွန်းလွဲပိုင်းတွင် လှိုင်ကော်မြို့နယ်တရားရုံး၌ ပြည်နယ်တရားလွှတ်တော် တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် တရားရေးအရာရှိများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တရားရေးဆိုင်ရာများနှင့် တရားရုံးများ ဥပဓိရုပ်ကောင်းမွန်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်သည် ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များကြောင့် ၂ဝ၂၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်က မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသဖြင့် ၂ဝ၂၅ – ၂ဝ၂၆ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ်သန်း ၄၇ဝ ဖြင့် မြို့နယ်တရားရုံးအဆောက်အအုံသစ် အလျားပေ ၁၃ဝ x အနံပေ ၅ဝ ရှိ RCC တစ်ထပ် အဆောက်အအုံ၊ ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၆၅ ဒသမ ၁ဝဝ သန်းဖြင့် အလျားပေ ၃ဝ x အနံ ပေ ၂ဝ ရှိ နှစ်ထပ် သက်သေခံပစ္စည်းထားသိုရန် အဆောက်အအုံနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၇ ဒသမ ၁ဝဝ သန်းဖြင့် အလျား ၃၉ ပေ x အနံ ပေ ၂ဝ ရှိ တရားရုံးအချုပ်ခန်း အဆောက်အအုံများ အသစ်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်



ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့

# ခံတွင်းကျန်းမာမှ လူကျန်းမာမည်

## (ဒေါက်တာငြိမ်းချမ်းအေး၊ သွားကျန်းမာ)

"အာရောဂျံ ပရမံ လာဘံ" ကျန်းမာခြင်းသည်လာဘ်တစ်ပါးဟု ဆိုရိုးရှိသည်နှင့်အညီ လောကတွင် ကျန်းမာရေးပြည့်စုံကောင်းမွန်ခြင်းသည် ဘုရားပေးသော ဆုလာဘ်တစ်ပါးဖြစ်ပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာနေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ကို ရည်မှန်းချက်ထား၍ အဆင့်အတန်းမြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်း၊ ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာကုသပေးခြင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ခြင်း၊ ဆေးသုတေသနလုပ်ငန်းများ၊ တိုင်းရင်းဆေးပညာ တိုးတက်မြင့်မားစေရေးလုပ်ငန်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးလုပ်ငန်းများကို ဦးစီးဌာနခြောက်ခုဖြင့် အထူးအလေးပေးပြီး စနစ်တကျ ဆောင်ရွက်လျက်ရှိပါသည်။

### အာဟာရတန်ဖိုးနည်းပါးသည့် အစားအစာများကြောင့် ဖြစ်ပွားရခြင်းဖြစ်

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရေးကြီးပြီး အချို့သောရောဂါများ၏ အစပြုရာနေရာဖြစ်သည့် သွားနှင့်ခံတွင်းကျန်းမာရေးကိုလည်း အထူးအလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။ ခံတွင်းကျန်းမာမှ လူကျန်းမာမည် (No Health without Oral Health) ဆိုသော ဆောင်ပုဒ်နှင့်အညီ သွားနှင့်ခံတွင်းရောဂါများဖြစ်သည့် သွားပိုးစားရောဂါ၊ သွားဖုံးရောဂါနှင့် ခံတွင်းကင်ဆာရောဂါများသည် အထွေထွေရောဂါများဖြစ်သည့် နှလုံးနှင့် သွေးကြောရောဂါ၊ ဆီးချိုသွေးချိုရောဂါနှင့် ကင်ဆာရောဂါများကဲ့သို့ပင် ဆေးနှင့်ဆေးရွက်ကြီး၊ အရက်၊ သကြားနှင့် အာဟာရတန်ဖိုးနည်းပါးသည့် အစားအစာများကြောင့် ဖြစ်ပွားရခြင်းဖြစ်ပါသည်။ ပုံမှန်အားဖြင့် လူ့ခံတွင်းတွင် ရောဂါပိုးပေါင်း ၅၀၀ ကျော်ရှိပြီး ရောဂါဖြစ်စေသောပိုးနှင့် အကျိုးပြုပိုးမွှားများသည် ညီညွတ်မျှတစွာရှိနေသဖြင့် ရောဂါဖြစ်ပွားမှုမရှိခြင်းဖြစ်ပါသည်။ အဆိုပါမျှခြေအနေအထား ပျက်ယွင်းသွားပါက သွားနှင့်ခံတွင်းကျန်းမာရေးထိခိုက်မှုရှိလာပြီး နောက်ဆက်တွဲအနေဖြင့် နှလုံးနှင့် သွေးကြောကျဉ်းရောဂါ၊ မှတ်ဉာဏ်ချို့ယွင်းအားနည်းခြင်း၊ အဆုတ်ရောဂါဝေဒနာများ၊ သွေးချိုဆီးချိုရောဂါ၊ သားပျက်သားလျှောခြင်း၊ ကလေးအသေမွေးခြင်း၊ လမစေ့ဘဲမွေးဖွားခြင်း ကိုယ်အလေးချိန်မပြည့်သော ကလေးများမွေးဖွားခြင်းနှင့် မွေးရာပါ နှလုံးရောဂါဝေဒနာရှင် ကလေးများမွေးဖွားခြင်း၊ သန္ဓေမအောင်ခြင်း၊ ကင်ဆာရောဂါ၊ ကျောက်ကပ်ရောဂါ၊ နာတာရှည်အဆစ်ရောင်ရောဂါနှင့် အမျိုးသားများပန်းသေခြင်း စသည့်ဆိုးကျိုးများကို ကြုံတွေ့ခံစားရမည်ဖြစ်ပါသည်။

သွားနှင့်ခံတွင်းကျန်းမာရေးတွင် သွားဖုံးရောင်ရမ်းခြင်း၊ သွားဖုံးမှ သွေးထွက်ခြင်းဖြစ်ပွားရာ ခံတွင်းထဲတွင်ရှိသော ရောဂါပိုးများသည် သွားဖုံးရှိပေါက်ပြဲသွားသော သွေးကြောများအတွင်းသို့ ဝင်ရောက်ပြီး သွေးကြောနံရံများကို ရောင်ရမ်းပျက်စီးစေပါသည်။ အဆိုပါ ပျက်စီးနေသောသွေးကြောနံရံများကို ခန္ဓာကိုယ်၏ကိုယ်ခံစွမ်းအားစနစ်မှ တုံ့ပြန်ပြုပြင်မွမ်းမံရာတွင် ကျန်းမာရေးကိုထိခိုက်စေနိုင်သော အခြေအနေဖြစ်သည့် သွေးကြောနံရံများ ထူထဲမာကြောလာလေ့ရှိပါသည်။ ထို့ကြောင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအတွက်အရေးကြီးသောသွားနှင့်ခံတွင်းကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်ဘဏ္ဍာငွေများ တိုးမြှင့်ကျခံသုံးစွဲကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အဆင့်မြှင့်တင်ခဲ့ပါသည်။

ယခင်က သွားနှင့်ခံတွင်းကျန်းမာရေးကိစ္စရပ်များအတွက် ပြည်သူ့ဆေးရုံများတွင် ပြင်ပလူနာအနေဖြင့်သာ ဝန်ဆောင်မှုပေးနေရာမှ နေပြည်တော်တွင် ပထမဆုံး သွားနှင့်ခံတွင်း အထူးကုဆေးရုံကြီးအဖြစ် သွားဘက်ဆိုင်ရာရောဂါကုသမှုများကို One Stop Service အနေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်တွင် ရန်ကုန်သွားနှင့်ခံတွင်းအထူးကုဆေးရုံ (သာကေတ)၊ ၂၀၂၄ ခုနှစ်တွင် မန္တလေး သွားနှင့်ခံတွင်းအထူးကုဆေးရုံ (ကန်တော်နဒီ)နှင့် ရန်ကုန်တက္ကသိုလ်များဆေးရုံတို့တွင် သွားနှင့်ခံတွင်းအထူးကုဌာနများ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး သွားနှင့်ခံတွင်းလူနာများကို အရည်အသွေးမြင့်မားသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဝန်ဆောင်မှုကောင်းကောင်းဖြင့် ပေးအပ်နိုင်ခဲ့သည့်အတွက် ပြည်သူများ စိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်ပြီဖြစ်ပါသည်။ အဆိုပါသွားဆေးရုံများ၌ စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များတွင်ပါ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိပါသည်။ ထို့အပြင် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံကူးစက်ဆေးရုံကိုလည်း ရန်ကုန်သွားနှင့်ခံတွင်း အထူးကုဆေးရုံ(မင်္ဂလာဒုံ) အဖြစ် တိုးချဲ့ဖွင့်လှစ်နိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ မကြာမီအချိန်အတွင်းမှာပင် ပြည်သူများကို သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု ပိုမိုဆောင်ရွက်ပေးနိုင်တော့မည် ဖြစ်ပါသည်။

> ❛ယခင်က သွားနှင့်ခံတွင်းကျန်းမာရေးကိစ္စရပ်များအတွက် ပြည်သူ့ဆေးရုံများတွင် ပြင်ပလူနာအနေဖြင့်သာ ဝန်ဆောင်မှုပေးနေရာမှ နေပြည်တော်တွင် ပထမဆုံး သွားနှင့်ခံတွင်းအထူးကုဆေးရုံကြီးအဖြစ် သွားဘက်ဆိုင်ရာရောဂါကုသမှုများကို One Stop Service အနေဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ထို့အပြင် ၂၀၂၃ ခုနှစ်တွင် ရန်ကုန် သွားနှင့်ခံတွင်းအထူးကုဆေးရုံ (သာကေတ)၊ ၂၀၂၄ ခုနှစ်တွင် မန္တလေး သွားနှင့်ခံတွင်းအထူးကုဆေးရုံ (ကန်တော်နဒီ)နှင့် ရန်ကုန်တက္ကသိုလ်များဆေးရုံတို့တွင် သွားနှင့်ခံတွင်းအထူးကုဌာနများ အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီး သွားနှင့်ခံတွင်းလူနာများကို အရည်အသွေးမြင့်မားသည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဝန်ဆောင်မှုကောင်းကောင်းဖြင့် ပေးအပ်နိုင်ခဲ့သည့်အတွက် ပြည်သူများ စိတ်အေးချမ်းသာစွာ ကုသမှုခံယူနိုင်ပြီ❜

### ကုသမှုတိုင်းကို အခမဲ့နီးပါး ဆောင်ရွက်ပေး

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းလက်လှမ်းမီသော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ရရှိနိုင်ရေးအတွက် ဆေးရုံများတွင် လူနာများ ဆေးကုသစရိတ်လျော့နည်းသက်သာစေရန် ကုသမှုတိုင်းကို အခမဲ့နီးပါး ဆောင်ရွက်ပေးနေသည့်အပြင် လူနာများအနေဖြင့် စရိတ်ကုန်ကျမှုမရှိစေရန် ဝေးလံခက်ခဲသည့် ဒေသများအထိ နယ်လှည့်ကွင်းဆင်း ဆေးကုသခြင်းလုပ်ငန်းများ(သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများအပါအဝင်) ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပြည်သူများအား သွားနှင့်ခံတွင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကွင်းဆင်းဆေးကုသခြင်းလုပ်ငန်းများ၊ ကျောင်းကျန်းမာရေးလုပ်ငန်းများကို ပြည်သူ့ဆေးရုံများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ သွားဆရာဝန်များသည် အတူတကွ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ ကပ်ရောဂါနှင့်အတူ ၂၀၂၁ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သောအခြေအနေများကြောင့် သွားကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များလျော့နည်းခဲ့ရာ အဆိုပါလိုအပ်ချက်များကို အမြန်ဆုံးကုစားဖြည့်တင်းပေးနိုင်ရေးအတွက် ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များမှ အရည်အချင်းပြည့်ဝသည့် သွားဘက်ဆိုင်ရာဆရာဝန်များ၊ သွားကျန်းမာရေးစောင့်ရှောက်သူ သူနာပြုဆရာမများ၊ သွားတုကျွမ်းကျင်သူများကို မွေးထုတ်ပေးနေသကဲ့သို့ ကုသရေးဦးစီးဌာနကလည်း သွားကျန်းမာရေး အကူသူနာပြုများ၊ လက်ထောက်သွားတုကျွမ်းကျင်သူများကို ဆေးရုံလုပ်ငန်းအခြေပြု သင်တန်းများဖွင့်လှစ်မွေးထုတ်ကာ ကျန်းမာရေးဝန်ဆောင်မှုများ အပြည့်အဝပေးနိုင်ရေးအတွက် အလုပ်များခန့်အပ်တာဝန်ပေးခဲ့ခြင်းကြောင့် လက်ရှိတွင် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုမှာ ယခင်ထက်သာလွန်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပြီဖြစ်ပါသည်။

### သွားတုတပ်ဆင်ခြင်း အခမဲ့ဝန်ဆောင်မှု

၂၀၂၃ ခုနှစ်တွင် နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ဦးဆောင်ကျင်းပခဲ့သော သွားဘက်ဆိုင်ရာဆေးပညာညီလာခံတွင် အကြံပြုတင်ပြဆွေးနွေးခဲ့သည့် Digital Dentistry ကို ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ချက်ချင်းလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပြီး သွားကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍကို နိုင်ငံတကာအဆင့်အတန်းမီစွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ခေတ်မီသွားတုပြုလုပ်ခြင်းဆိုင်ရာနည်းစနစ် (Digital Dentistry Lab) များအဖြစ် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ သွားနှင့်ခံတွင်းဆိုင်ရာ အထူးကုဆေးရုံများတွင် တည်ထောင်ဖွင့်လှစ်ထားပြီး တစ်နိုင်ငံလုံးသို့ ဝန်ဆောင်မှုဖြန့်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိ အဆိုပါဆေးရုံများတွင် အငြိမ်းစားဝန်ထမ်းများနှင့် သက်ကြီးဘိုးဘွားများ အာဟာရပြည့်ဝစွာ စားသောက်နိုင်ရေးအတွက် သွားတုများကို အခမဲ့တပ်ဆင်ပေးလျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ပံ့ပိုးမှုဖြင့် သွားတုတပ်ဆင်ခြင်း အခမဲ့ဝန်ဆောင်မှုကို မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်မှစ၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ကိုယ်ဝန်ဆောင်များတွင် သွားကျန်းမာရေးကြောင့်ဖြစ်ပေါ်တတ်သော ဆိုးကျိုးများကို လျော့နည်းကျဆင်းစေရေးအတွက်လည်း ကိုယ်ဝန်ဆောင်မိခင်များနှင့် မီးဖွားပြီးကလေးမိခင်များ၏ ခံတွင်းသန့်ရှင်းကျန်းမာရေးကောင်းမွန်စေရန်အတွက်လည်း ပြည်သူ့ဆေးရုံများရှိ သွားဆေးခန်းများတွင် မဖြစ်မနေဆောင်ရွက်ပေးရန် လုပ်ငန်းလမ်းညွှန်ချမှတ်ပေးထားပြီးဖြစ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းရှိ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကိုလည်း ဆေးရုံကြီးများတွင် အခမဲ့ခွဲစိတ်ကုသပေးခြင်း၊ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ကလေးငယ်များ မူလတန်းကျောင်းမတက်မီ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲခြင်းကို ပြုပြင်ခွဲစိတ်ပေးခြင်းနှင့် ထိုကလေးငယ်နှင့် မိသားစုများ၏ လူမှုရေးအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသည် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ကျန်းမာရေးဝန်ကြီးဌာနက ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကဏ္ဍစုံတွင် အချိုးညီတိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ပေးလျက်ရှိရာ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုတွင် ယခုထက်ပိုမိုတိုးတက်ကောင်းမွန်သော ဝန်ဆောင်ကုသမှုများ ပေးအပ်နိုင်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးဖြည့်ဆည်းမှု၊ ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းကူညီမှုများဖြင့် လူတိုင်းရောဂါဘယကင်းရှင်းပြီး သက်တမ်းစေ့နေနိုင်အောင် အစဉ်ကြိုးစား ဆောင်ရွက်ပေးလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ ။

## ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်အသစ်တည်ဆောက်ခြင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်နှင့် ဇိနမာန်အောင်စေတီတော်ထီးတော်တင်လှူခြင်း အခမ်းအနားကျင်းပ

**သံဖြူဇရပ် မေ ၁**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရားကြီး၏ ဂန္ဓကုဋိတိုက်ကြီး အသစ်ပြန်လည်တည်ဆောက်ခြင်း နှစ်(၁၀၀) ပြည့်အထိမ်းအမှတ်နှင့် ဇိနမာန်အောင်စေတီတော် ထီးတော်သစ်တင်လှူခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘုရား၌ ကျင်းပသည်။



ဦးစွာ ကျိုက္ခမီမြို့ အလယ်ကျောင်းတိုက်၏ ဩဝါဒါစရိယ ဦးစီးပဓာနဖြစ်တော်မူသော အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ နိုင်ငံတော်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တ နန္ဒသာရထံမှ ငါးပါးသီလခံယူပြီး ဆရာတော်ကြီးများထံသို့ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်များ ကပ်လှူပူဇော်သည်။ ထို့နောက် ဆရာတော်ကြီးများက မေတ္တာသုတ်ပရိတ်တော်မြတ် ချီးမြှင့်တော်မူရာ သံဖြူဇရပ် တပ်နယ်မှူး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦးနှင့်ဇနီး၊ တာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နံနက် ၈ နာရီတွင် ဇိနမာန်အောင် စေတီတော် ထီးတော်မြတ်အား ဘုံအဆင့်အလိုက် ထီးတော်တင်လှူပြီး ရွှေမိုးငွေမိုးရွာသွန်းဖြိုး၍ အခမ်းအနားအပြီးတွင် သံဃာတော်အရှင်သူမြတ် အပါး ၁၀၀ အား ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျုံပျော်မြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲကျင်းပ

**ကျုံပျော် မေ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ကျင်းပသည့် ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ကြသည့် သံဃာတော်နှင့် သီလရှင်များအား စာအောင်ဆုဆက်ကပ်လှူဒါန်းပွဲကို ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မြတ်ချမ်းသာဘုရား တန်ဆောင်းအတွင်း၌ ယနေ့ညနေပိုင်းက ပြုလုပ်သည်။

ဦးစွာ အသောကာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကေသရာစာရထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဩဝါဒကထာ နာကြားကြသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ထွန်းက သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားပြီး ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့ကြသည့် သံဃာတော်နှင့် သီလရှင်များထံသို့ စာအောင်ဆုများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ကျုံပျော်မြို့နယ်၌ ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် သံဃာတော်နှင့် သီလရှင် ၂၁ ပါး ဖြေဆိုအောင်မြင်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပဲခူးမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ဆက်လက်ဖြေဆို

**ပဲခူး မေ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက သာသနာတော်သန့်ရှင်းရေး တည်တံ့ပြန့်ပွားရေး၏ အခြေခံမူရင်းဖြစ်သော ပရိယတ္တိသာသနာတော်ထွန်းကားပြန့်ပွားစေရန် ဓမ္မာစရိယစာမေးပွဲနှင့်၊ ပါဠိပထမပြန် (ကြီး၊ လတ်၊ ငယ်၊ မူ)တန်း စာမေးပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ မေ ၁ ရက် မွန်းတည့် ၁၂ နာရီတွင် ပဲခူးမြို့ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး အပေါ်ထပ်၊ အောက်ထပ်နှင့် ချမ်းမြေ့ဗေယျာ သာမဏေကျော်ကျောင်းတိုက်တို့တွင် စတုတ္ထနေ့ ဆက်လက် ဖြေဆိုတော်မူကြသည်။



### ဆက်ကပ်လှူဒါန်း

အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း ၁၃၂ ပါး၊ ပထမလတ်တန်း ၁၈၅ ပါး၊ ပထမငယ်တန်း ၃၅၄ ပါး၊ အခြေပြုမူလတန်း ၆၃၁ ပါး၊ စုစုပေါင်း ၁၃၀၂ ပါး ဖြေဆိုတော်မူကြပြီး စာဖြေသံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုများ၊ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာများက နေ့စဉ်ရေသန့်၊ အချိုရည်များအား ဆက်ကပ် လှူဒါန်းလျက်ရှိပြီး ကြီးကြပ်ဆရာတော်ကြီးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

## ဒလမြို့နယ် သမိုင်းဝင်ကျိုက်ခနုတ်ဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် သမိုင်းဝင်ကျိုက်ခနုတ်ဆံတော်ရှင်စေတီတော်မြတ်ကြီးတွင် သံဃာတော်များအား ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက ကျိုက်ခနုတ်စေတီတော် ရင်ပြင်တော်၌ ကျင်းပသည်။

အခမ်းအနားတွင် ကျိုက်ခနုတ်စေတီတော်ရင်ပြင်တော်စုရပ်မှ စတင်၍ မြတ်စွာဘုရားအမှူးပြုသော ဆရာတော်၊ သံဃာတော် ၁၁၈ ပါးတို့က စေတီတော်ရင်ပြင်တော်တစ်လျှောက် ဆွမ်းဆန်စိမ်းများကို ခံယူတော်မူကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦး၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နုနုထွေးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအကျိုးတော်ဆောင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်း၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လောင်းလှူခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**



## မတ္တရာမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ဆက်လက်ဖြေဆို

**မတ္တရာ မေ ၁**

မန္တလေးတိုင်း ဒေသကြီး မတ္တရာမြို့နယ်တွင် ၂၀၂၆ ခုနှစ် အစိုးရ ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့အဖြစ် မေ ၁ ရက် မွန်းတည့် ၁၂ နာရီက အမှတ်(၁) ရပ်ကွက် အောင်မြေသုခကျောင်းတိုက် စာစစ်ဌာနတွင် ဆက်လက်ကျင်းပသည်။



အဆိုပါ ပါဠိပထမပြန်စာမေးပွဲတွင် စာရင်းရှိ ၁၂၇ ပါးရှိပြီး ပထမကြီးတန်း ရှင်ရဟန်း ၂၃ ပါး၊ သီလရှင်တစ်ပါး၊ ပထမလတ်တန်း ရှင်ရဟန်း ၂၈ ပါး၊ သီလရှင်လေးပါး၊ ပထမငယ်တန်း ရှင်ရဟန်း ၂၂ ပါး၊ သီလရှင်နှစ်ပါး၊ အခြေပြုမူလတန်း ရှင် ၃၆ ပါး စုစုပေါင်း ၁၁၆ ပါး ဝင်ရောက်ဖြေဆိုကြသည်။ အစိုးရ ပါဠိ ပထမပြန်စာမေးပွဲ ကျင်းပရာသို့ မြို့နယ်သံဃနာယက ဆရာတော်ကြီးများ၊ ဩဝါဒါစရိယ ဆရာတော်များ၊ မြို့နယ်စာမေးပွဲ ကြီးကြပ်ရေး ဆရာတော်များနှင့် အဖွဲ့ဝင်များက ကြီးကြပ်ဆောင်ရွက်ကြသည်။ မြို့နယ်စာမေးပွဲ ကြီးကြပ်ရေး ဆရာတော်များနှင့် စာဖြေသံဃာတော်များ အဆင်ပြေချောမွေ့စွာ ဖြေဆိုနိုင်ရေး၊ နေ့ဆွမ်း ဆက်ကပ်နိုင်ရေး အတွက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ရွှေရာသား**

ညအချိန် အိပ်နေချိန်တွင်
လျှပ်စစ်မီးများပိတ်ထားခြင်းဖြင့်လျှပ်စစ်ကို
နေ့စဉ် ချွေတာသင့်ပါသည်

# ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးနှင့် ပြင်သစ်သမ္မတ မက်ခရွန်တို့ တွေ့ဆုံဆွေးနွေး

**တိုကျို မေ ၁**

ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးက ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော ပြင်သစ်သမ္မတ မက်ခရွန်နှင့် ယနေ့ တွေ့ဆုံဆွေးနွေးသည်။

တိုကျိုမြို့ရှိ နိုင်ငံတော်ဧည့်ဂေဟာတွင် ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူပြီး ခေါင်းဆောင်နှစ်ဦး၏ ဆွေးနွေးပွဲကို စတင်ခဲ့ခြင်းဖြစ်သည်။

အီရန်ပဋိပက္ခကို ထိန်းချုပ်နိုင်စေရန်အတွက် ပြင်သစ်သမ္မတ မက်ခရွန်နှင့် အနီးကပ်ဆွေးနွေးခဲ့ကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးက ပြောကြားသည်။

ပြင်သစ်နိုင်ငံက ဂျပန်နိုင်ငံနှင့် ဘုံတန်ဖိုးများနှင့် အခြေခံမူများကို မျှဝေသည့် အထူးမိတ်ဖက်နိုင်ငံဖြစ်ပြီး ပစိဖိတ်ဒေသ၌ နယ်မြေများရှိသည့် အင်ဒို-ပစိဖိတ်နိုင်ငံလည်းဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးက မှတ်ချက်ပြုခဲ့သည်။

ယူရို-အတ္တလန္တိတ်နှင့် အင်ဒို-ပစိဖိတ်ဒေသများ၏ လုံခြုံရေးသည် နီးကပ်စွာချိတ်ဆက်နေကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အီရန်အပါအဝင် အရှေ့အလယ်ပိုင်းရှိ အခြေအနေများသည် တိုကျိုနှင့် ပါရီတို့အတွက် အရေးကြီးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးက ပြောကြားသည်။

ဟော်မုဇ်ရေလက်ကြားတွင် ရေကြောင်းသွားလာမှုဘေးကင်းရေး သေချာစေရန်၊ အရေးကြီးသော ပစ္စည်းများအတွက် တည်ငြိမ်သော ထောက်ပံ့မှုများ ရရှိရေးနှင့် အခြေအနေ တိုးမြင့်လာစေရန် အရေးကြီးကြောင်း ၎င်းက အလေးအနက်ပြောကြားသည်။

ဂျပန်နှင့် ပြင်သစ်တို့သည် ကာကွယ်ရေးလုံခြုံရေးနှင့် စီးပွားရေးလုံခြုံရေး အပါအဝင် နယ်ပယ်အသီးသီးတွင် ၎င်းတို့၏ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုကို ခိုင်မာစေမည်ဟု မျှော်လင့်ကြောင်းလည်း ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးက ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**






# အင်ဒိုနီးရှားအစိုးရက လောင်စာဆီသုံးစွဲမှု လျှော့ချရေးဆိုင်ရာ အစီအမံများ ကြေညာ

**ဂျကာတာ မေ ၁**

အင်ဒိုနီးရှားအစိုးရက နိုင်ငံအတွင်း လောင်စာဆီသုံးစွဲမှု လျှော့ချရေးဆိုင်ရာ အစီအမံများကို ယနေ့ ကြေညာခဲ့သည်။ နိုင်ငံ့ဝန်ထမ်းများအား တစ်ပတ်လျှင် တစ်ရက် နေအိမ်မှ အလုပ်များကို လုပ်ဆောင်ရန် ညွှန်ကြားထားပြီး အခြားအစီအစဉ်များကိုလည်း စတင်လုပ်ဆောင်နေသည်။

တရားဝင်ယာဉ်အသုံးပြုမှုကို ၅၀ ရာခိုင်နှုန်း ဖြတ်တောက်မည်ဖြစ်ကြောင်းနှင့် လုပ်ငန်းလည်ပတ်မှုအတွက် လျှပ်စစ်ကားများကို အသုံးပြုမည်ဖြစ်ကြောင်း အင်ဒိုနီးရှား၏ စီးပွားရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး အာလန်ဂါ ဟာတာတိုက ပြောကြားသည်။

အစိုးရဝန်ထမ်းများသည် လာမည့်နှစ်လအတွင်း သောကြာနေ့တိုင်း နေအိမ်မှ အလုပ်လုပ်ရမည် ဖြစ်သည်။ အဆိုပါမူဝါဒကို မေ ၁ ရက်တွင် စတင်ခဲ့သည်။

အင်ဒိုနီးရှားက လက်ရှိအစိုးရ၏ အထင်ကရမူဝါဒဖြစ်သည့် စာသင်ကျောင်းများ၌ အခမဲ့ကျွေးမွေးရေး အစီအစဉ်များကိုလည်း တိုးချဲ့လုပ်ဆောင်လျက်ရှိသည်။ အစားအစာများ ဖြန့်ဝေပေးမှုကို တစ်ပတ်လျှင် ခြောက်ရက်မှ ငါးရက်အထိ လျှော့ချမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်သည် အစိုးရ နှစ်စဉ်အသုံးစရိတ်၏ ကိုးရာခိုင်နှုန်းနီးပါးဖြစ်ကြောင်း သိရသည်။ အစိုးရက ထောက်ပံ့ထားသော စက်သုံးဆီများကို ယာဉ်တစ်စီးလျှင် တစ်ရက် ၅၀ လီတာအထိ ကန့်သတ်ထားသည်။ ၎င်းအစီအစဉ်တွင် အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် မော်တော်ယာဉ်များ မပါဝင်ပေ။

အင်ဒိုနီးရှားသည် ၎င်း၏ နိုင်ငံပိုင် ရေနံကုမ္ပဏီအား ထောက်ပံ့ပံ့ပိုးပေးခြင်းဖြင့် လောင်စာဆီဈေးနှုန်းကို ကာလအတန်ကြာအောင် ထိန်းထားနိုင်ခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံတစ်ဝန်း၌ ယခုနှစ်အတွင်း ဝက်သက်ရောဂါကူးစက်ခံရသူပေါင်း ၁၅၂ ဦးရှိ

**တိုကျို မေ ၁**

ဂျပန်နိုင်ငံတစ်ဝန်း၌ ဝက်သက်ရောဂါဖြစ်ပွားမှုသည် ၂၀၂၀ ပြည့်နှစ်မှစ၍ အရှိန်အဟုန်ဖြင့် မြင့်တက်လျက်ရှိကြောင်း သိရသည်။

ဝက်သက်ရောဂါသည် လေမှတစ်ဆင့် ကူးစက်တတ်သော ရောဂါဖြစ်ပြီး ပြင်းထန်သော အခြေအနေများတွင် သေဆုံးနိုင်သည်အထိ ဖြစ်စေနိုင်သည်။ ရောဂါလက္ခဏာများမှာ ဖျားခြင်း၊ ချောင်းဆိုးခြင်းနှင့် အဖုများထွက်ခြင်းတို့ ပါဝင်သည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း အစီရင်ခံတင်ပြသည့် ပဏာမလူနာအရေအတွက်မှာ ၁၃ ဦးဖြစ်ကြောင်း ဂျပန်ကျန်းမာရေးလုံခြုံရေးဌာနက ပြောသည်။

ယခုနှစ်အတွင်း စုစုပေါင်း ရောဂါကူးစက်ခံရသူပေါင်း ၁၅၂ ဦးရှိပြီး ယခင်နှစ် အလားတူကာလထက် ၃ ဒသမ ၅ ဆ ပိုမိုများပြားကြောင်း သိရသည်။

၎င်းလူနာများအနက် ၂၈ ဦးသို့မဟုတ် စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းခန့်သည် နိုင်ငံရပ်ခြားတွင် ကူးစက်ခံထားရကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။

ဂျပန် ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်ပမှပြန်လာသူများအား ဝက်သက်ရောဂါကူးစက်မှုကို သတိထားရန် တိုက်တွန်းထားပြီး ခရီးသွားများ ရောဂါပျံ့နှံ့နေသော ဒေသများသို့ သွားရောက်သည့်အခါ ၎င်းတို့၏ ကာကွယ်ဆေးထိုးမှတ်တမ်းများကို စစ်ဆေးရန် တိုက်တွန်းထားကြောင်း သိရသည်။

ထို့ပြင် ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ကလေးများအား ကာကွယ်ဆေးထိုးနှံမှုခံယူရန်လည်း ၎င်းတို့၏ မိဘများအား အကြံပြုပြောကြားခဲ့ကြောင်း သိရသည်။ **ကိုးကား -အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# မလေးရှားနိုင်ငံ၏ ခရီးသွားလုပ်ငန်း ပုံမှန်လည်ပတ်ဆောင်ရွက်နေ

**ကွာလာလမ်ပူ မေ ၁**

အရှေ့အလယ်ပိုင်း ပဋိပက္ခဖြစ်နေလင့်ကစား မလေးရှားနိုင်ငံသို့ နိုင်ငံတကာခရီးသွား ဝင်ရောက်မှုအရေအတွက်သည် ယခုနှစ် မတ် ၁ရက်မှ ၂၆ရက်အတွင်း ၂၈၃၅၇၂၄ ဦးရှိခဲ့ကြောင်း၊ ယမန်နှစ်အလားတူကာလကထက် ၂ ဒသမ ၄ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်းနှင့် လုပ်ငန်းများပုံမှန်လည်ပတ်နေကြောင်း ခရီးသွားနှင့် ယဉ်ကျေးမှုဆိုင်ရာဝန်ကြီး တိုင်ကင်ဆန်းက မတ် ၃၁ရက်တွင် ပြောကြားသည်။

**ဖြေရှင်းဆောင်ရွက်**

နိုင်ငံအတွင်းသို့ အရှေ့တောင်အာရှဒေသမှ ခရီးသွား ၂၀၉၃၀၉၆ ဦးလာရောက်ခဲ့ရာတွင် အရှေ့အာရှဒေသမှ ခရီးသွား ၄၀၇၁၇၁ဦး ပါဝင်ကြောင်း သိရသည်။ မလေးရှားနိုင်ငံသည်လက်ရှိအချိန်အထိ ခရီးသွားများအတွက် လုံခြုံစိတ်ချရသည့် ခရီးသွားနေရာတစ်ခုအဖြစ်ရပ်တည်နေပြီး နိုင်ငံ၏ ခရီးသွားလုပ်ငန်းဝန်ကြီးဌာနအနေဖြင့်လည်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများနှင့်လက်တွဲ၍ လုပ်ငန်းပိုင်းဆိုင်ရာ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

ခရီးသွားလုပ်ငန်း အောင်မြင်စေရေးအတွက် ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ အနေဖြင့် ဝန်ကြီးဌာနအား တိကျသည့် သတင်းအချက်အလက်များပေးခြင်းဖြင့် ကူညီကြရန် ၎င်းက ပန်ကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်

**နယူးဒေလီ မေ ၁**

အိန္ဒိယနိုင်ငံတွင် မေ ၁ရက်က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒစ်ဂျစ်တယ်စနစ်ဖြင့် ပထမဆုံးအကြိမ် စတင်ကောက်ယူခြင်းဖြစ်သည်။ နယူးဒေလီဒေသအပါအဝင် ပြည်နယ်အများအပြားအတွက် အွန်လိုင်းသန်းခေါင်စာရင်းကောက်ယူခြင်းကို ပြည်ထဲရေးဝန်ကြီးဌာန သန်းခေါင်စာရင်းကောက်ယူရေး ကော်မရှင်နာရုံးက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နေအိမ်သို့ ဝန်ထမ်းများ သန်းခေါင်စာရင်းကောက်ယူခြင်းမပြုမီ နိုင်ငံသားများကိုယ်တိုင် အွန်လိုင်းမှ အိမ်ထောင်စုဆိုင်ရာ အချက်အလက်များကို ဖြည့်သွင်းခြင်းကို မေ ၁၅ရက်အထိ ဆောင်ရွက်နိုင်ကြောင်း သိရသည်။

နေအိမ် အရေအတွက်နှင့် အိမ်ရာစာရင်းဆိုင်ရာ သန်းခေါင်စာရင်းကို မေ ၁၆ရက်တွင် စတင်ကောက်ခံမည်ဖြစ်ကာ မေ ၁၅ ရက်အထိ ကောက်ခံမည်ဖြစ်သည်။



ဒုတိယအဆင့် သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေ၊ လူမှုစီးပွားဘဝ၊ ပညာရေး၊ ရွှေ့ပြောင်းနေထိုင်မှု၊ မျိုးပွားနိုင်စွမ်းစသည့် အချက်အလက်များကို စာရင်းကောက်ဝန်ထမ်းများက လူတစ်ဦးချင်းစီထံမှ ကောက်ယူမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတစ်ဝန်းသန်းခေါင်စာရင်းကောက်ယူရာတွင် အစိုးရဝန်ထမ်း ၃ ဒသမ ၁ သန်းက အပိုင်းများခွဲ၍ ဆောင်ရွက်မည်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင် နောက်ဆုံးအကြိမ် သန်းခေါင်စာရင်း ကောက်ယူခြင်းကို ၂၀၁၁ ခုနှစ်က ဆောင်ရွက်ခဲ့သည်။

နိုင်ငံအတွင်း ၂၀၂၁ခုနှစ်က သန်းခေါင်စာရင်းကောက်ယူခဲ့သော်လည်း ကိုဗစ် ၁၉ ရောဂါကူးစက်မှုကြောင့် နှောင့်နှေးခဲ့ရသည်။ **ကိုးကား-ဆင်ဟွာ**
**ဘာသာပြန် -စိုးသူရ**



## ပွင့်ဖြူမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဆက်လက်ဖြေဆို

**ပွင့်ဖြူ  မေ ၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ယနေ့ မွန်းတည့် ၁၂ နာရီက မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ရှိ အောင်သိဒ္ဓိ ကျောင်းတိုက်ဓမ္မာရုံ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို မြို့နယ်အတွင်း စာသင်တိုက်ကျောင်းများမှ ဖြေဆိုရန်လျှောက်ထားသည့် စာဖြေသံဃာဦးရေ ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၂၃ ပါးရှိပြီး ယနေ့ဖြေဆိုရာတွင် ပထမကြီးတန်းတွင် ရဟန်း ခြောက်ပါးနှင့် သီလရှင်တစ်ပါး၊ ပထမလတ်တန်းတွင် ရဟန်းသုံးပါးနှင့် သီလရှင်တစ်ပါး၊ ပထမငယ်တန်းတွင် ရဟန်းတစ်ပါးနှင့် သီလရှင်လေးပါး၊ အခြေပြုမူလတန်းတွင် သာမဏေ လေးပါးနှင့် သီလရှင်တစ်ပါးတို့ ဝင်ရောက်ဖြေဆိုခဲ့ပြီး ဖြေဆိုရန် ပျက်ကွက်စာရင်းအနေဖြင့် ပထမလတ်တန်းတွင် ရဟန်းတစ်ပါး၊ ပထမငယ်တန်းတွင် ရဟန်းတစ်ပါးတို့ ဖြေဆိုရန်ပျက်ကွက်ခဲ့သည်။

ပွင့်ဖြူမြို့နယ်တွင် အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ မေ ၄ ရက်အထိ ခုနစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

## ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ဆက်လက်ဖြေဆို

**ရန်ကုန်  မေ ၁**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၌ အစိုးရပါဠိ ပထမပြန်စာမေးပွဲကို ယနေ့တွင် အတုလအောင်ဇေယျ (ဦးဘိုးလှ)ဘုရားဝင်း အတွင်းရှိ သိမ်တော်ကြီးနှင့် ဓမ္မာရုံများတွင် ကျင်းပလျက်ရှိသည်။



အဆိုပါ အစိုးရ ပါဠိပထမပြန် စာမေးပွဲတွင် စုစုပေါင်း စာရင်းရှိ ၆၅၀ ရှိပြီး စုစုပေါင်းဖြေဆိုသူ ၅၅၇ ပါးတွင် ပထမကြီးတန်းတွင် ၇၅ ပါး၊ ပထမလတ်တန်းတွင် ဖြေဆို ၉၄ ပါး၊ ပထမငယ်တန်းတွင် ဖြေဆို ၁၅၅ ပါး၊ အခြေပြုမူလတန်း တွင် ဖြေဆို ၂၃၃ ပါး ဝင်ရောက် ဖြေဆိုကြရာ ဖြေဆိုရာခိုင်နှုန်း ၈၅ ဒသမ ၆၉ ရာခိုင်နှုန်း ဖြစ်သည်။

အဆိုပါ အစိုးရ ပါဠိပထမပြန် စာမေးပွဲ ဖြေဆိုတော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များ စိတ်အေးချမ်းစွာ ဖြေဆိုနိုင်ရေး အတွက် ကျန်းမာရေးစောင့်ရှောက် ပေးခြင်း၊ လုံခြုံရေးစောင့်ရှောက်မှု ပေးခြင်းနှင့် လိုအပ်သော ဝေယျာဝစ္စ လှူဒါန်းပေးခြင်းများ ကို မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ၃၃ ပါး ကြီးကြပ်တော် မူ၍ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပူးပေါင်း ဆောင်ရွက်ပေးကြ ကြောင်း သိရသည်။

**သန်းသန်းအေး**

## မြန်အောင်မြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ(စတုတ္ထနေ့)ဖြေဆိုလျက်ရှိ

**မြန်အောင်  မေ ၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ (စတုတ္ထ)



နေ့ကို ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မုံရွာပရိယတ္တိ စာသင်တိုက် အုန်းပင်ဓမ္မာရုံ၌ ကျင်းပသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲ(စတုတ္ထ) နေ့တွင် တိကမာတိကာ ဘာသာအား အခြေပြု မူလတန်း(၂၉)ပါး၊ တိကမာတိကာ၊ ဒုကမာတိကာ နှင့် ဓာတုကထာဘာသာတို့အား ပထမငယ်တန်းအပါး ၂၀၊ သုတ္တန္တိက မာတိကာနှင့် ဓာတုကထာဘာသာတို့အား ပထမလတ်တန်း ၁၂ ပါးနှင့် အဘိဓာန်၊ အလင်္ကာ၊ ဆန်းဘာသာတို့အား ပထမကြီးတန်း ငါးပါး စုစုပေါင်း ၆၆ ပါးတို့ ဝင်ရောက်ဖြေဆိုလျက်ရှိပြီး မြို့နယ်သံဃနာယက ဆရာတော်ကြီးနှင့် ကြီးကြပ်ဆရာတော်ကြီးများ၊ ကြီးကြပ်အဖွဲ့ဝင်များ က စိတ်အေးချမ်းသာစွာဖြေဆိုနိုင်စေရေး ဆောင်ရွက်ပေးလျက်ရှိသည်။ အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို မတ် ၂၉ ရက်မှ မေ ၄ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေကျင်မြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ


**ရွှေကျင်  မေ ၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် လေးထပ်ဘုန်းတော်ကြီး ကျောင်းတွင် ပါဠိပထမပြန်(ကြီး၊ လတ်၊ ငယ်၊ မူ )တန်း စာမေးပွဲကို မေ ၁ ရက်က စတုတ္ထနေ့အဖြစ် ဆက်လက်ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် ပထမကြီးတန်း ခုနစ်ပါး၊ ပထမလတ်တန်း ၁၅ ပါး၊ ပထမငယ်တန်း ၂၉ ပါး၊ အခြေပြုမူလတန်း ၂၉ ပါး စုစုပေါင်း အပါး ၈၀ ဖြေဆိုလျက်ရှိသည်။ စာဖြေသံဃာတော်များအား ရွှေကျင်မြို့ နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇေယျာဟိန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖ များက လိုအပ်သည်များကို ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

■



## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြု ခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင် ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့် လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ် အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်း များ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ် တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်း များ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။




လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)
ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉
မန္တလေး ☎ ၀၂-၂၈၃၀၄၂၃

**ရန်ကုန်လိပ်စာ**
အမှတ်(၆၄)၊
ကမ္ဘာအေးဘုရားလမ်း၊
မရမ်းကုန်းမြို့နယ်။

လူကုန်ကူးခံရသူများအနေဖြင့်
အကူအညီလိုအပ်ပါက
ဆက်သွယ်အကူအညီ
တောင်းခံနိုင်ပါသည်။

**မန္တလေးလိပ်စာ**
ရွှေကျောင်းသံလမ်းအနီး၊
ဘုန်းတော်တိုးရပ်၊
အောင်မြေသာစံမြို့နယ်။

## ငါး /ပုစွန်သားပေါက်သည့် ရာသီချိန်တွင် ငါးနှင့် သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် ကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများသတ်မှတ်

မြိတ် မေ ၁

ငါး/ပုစွန်သားပေါက်ပွားသည့် ရာသီချိန်၌ ငါးနှင့် သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်းရှိ ငါးဖမ်းကွက်များအတွင်း ကမ်းဝေးငါးဖမ်းရေယာဉ်များကို မေ ၁ ရက်မှစတင်ကာ ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရဧရိယာများကိုငါးလုပ်ငန်းဦးစီးဌာနက ငါးမဖမ်းရ ကာလ သုံးလ သတ်မှတ်ဆောင်ရွက်ခဲ့ရာ ငါးဖမ်းရေယာဉ်များ ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။

" ငါးမဖမ်းရ ရာသီ၊ ငါးမဖမ်းရ ကာလ၊ ငါးမဖမ်းရ ဧရိယာများ သတ်မှတ်ရတဲ့ အဓိကအကြောင်းအရင်းက ငါးမျိုးပြုန်းတီးမှုကာကွယ်ဖို့၊ ငါးသယံဇာတများ တိုးပွားလာဖို့အတွက် ရည်ရွယ်ပြီးတော့ ငါးများ ပေါက်ပွားနိုင်တဲ့ ရာသီမှာ ထိန်းသိမ်းတဲ့အနေနဲ့ ဆောင်ရွက်တာဖြစ်ပါတယ်"ဟု မြိတ်ခရိုင် ငါးလုပ်ငန်း ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက ပြောသည်။



မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော ကမ်းဝေး ငါးဖမ်း ရေယာဉ်များအားလုံးကို ငါးမဖမ်းရကာလနှင့် ငါးမဖမ်းရ ဧရိယာများအတွင်း မေ ၁ ရက်မှ ဇွန် ၃၀ ရက်အထိ ငါးဖမ်းဆီးခြင်းမပြုလုပ်ရန် တားမြစ်ထားပြီး မတ် ၃၁ ရက် နောက်ဆုံးထားရှိ၍ ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်ကြရန် ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားထားသည်။

ငါးမဖမ်းရရာသီ ငါးမဖမ်းရကာလ စတင်သတ်မှတ်ချက်များကို ညွှန်ကြားချက် ထုတ်ပြန်ချက်များ ဆောင်ရွက်ခြင်းအပေါ် ငါးဖမ်းလှေများအနေဖြင့် ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်ရမည်ဖြစ်ကြောင်း၊ အကယ်၍ ဆိပ်ကမ်းများသို့ ပြန်လည်ဝင်ရောက်လာခြင်းမရှိပါက စည်းကမ်းပျက်သည့် ငါးဖမ်းလှေများကို ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ငါးဖမ်းလှေများကို VMS ထိန်းချုပ်ရေးစင်တာက စောင့်ကြည့်လျက်ရှိရာ ယနေ့တွင် ပင်လယ်ပြင်၌ ငါးဖမ်းလှေများ မရှိသလောက် ပြန်လည်ဝင်ရောက်လျက်ရှိကြကြောင်း သိရသည်။

ငါးမဖမ်းရ ကာလ၊ ငါးမဖမ်းရ ဧရိယာများ သတ်မှတ်ဆောင်ရွက်ခြင်းသည် ငါးများပေါက်ပွားနိုင်သည့်ရာသီတွင် ငါးနှင့်သက်ရှိသယံဇာတများ ထိန်းသိမ်းနိုင်ရန် သုတေသနရလဒ်များဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ တနင်္သာရီကမ်းရိုးတန်း ပင်လယ်ရေပြင်၏ ငါးနှင့်ငါးနေထိုင်ကျက်စားသည့် ရေအောက်ဇီဝဗေဒအခြေအနေများနှင့် မြန်မာ့ငါးလုပ်ငန်းရေပြင်အတွင်း ငါးသယံဇာတများ ရေရှည်တည်တံ့စွာ တည်ရှိစေရန် သုတေသနပညာရှင်များဖြင့် သုတေသနလုပ်ငန်းကို ဖေဖော်ဝါရီလတွင် မီတာ ၂၀ အောက် တနင်္သာရီကမ်းရိုးတန်းရေပြင်၌ ရက်ပေါင်း ၃၀ ကြာ ငါးသယံဇာတသုတေသနပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီးဖြစ်သည်။

တနင်္သာရီကမ်းရိုးတန်းရေပြင်တွင် မြိတ်ခရိုင်အခြေပြု ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်နေသည့် ငါးဖမ်းရေယာဉ် ၁၁၈၆ စင်းရှိကာ ရေလုပ်သားဖြင့် ရေလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## အမျိုးသမီးကို ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ရရှိသောငွေကြေးအကျိုးအမြတ်ကို ခေါင်းပုံဖြတ် ရယူဆောင်ရွက်သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် မေ ၁

အမျိုးသမီးကို ပြည့်တန်ဆာအဖြစ် အဓမ္မခိုင်းစေပြီး ရရှိသောငွေကြေးအကျိုးအမြတ်ကို ခေါင်းပုံဖြတ် ရယူဆောင်ရွက်သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၁ နှစ်ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက်နေ အမျိုးသမီးတစ်ဦးကို တစ်ရပ်ကွက်တည်းနေ မသီတာမိုး(ခ)ချယ်ရီက ကျိုင်းတုံမြို့ရှိ KTV ဆိုင်တွင် အလုပ်ရှိကြောင်း၊ တစ်လလျှင် ငွေကျပ်သိန်း ၃၀ ခန့်ရရှိမည်၊ လုပ်ကိုင်လိုပါက သွားရောက်မည့်နေ့တွင် လက်ကိုင်ဖုန်း ဝယ်ပေးပြီး ကျိုင်းတုံမြို့သို့ရောက်သည်အထိ တာဝန်ယူပို့ဆောင်ပေးမည်ဟု စည်းရုံးပြောဆိုသဖြင့်သဘောတူခဲ့ကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် ကျိုင်းတုံမြို့သို့ သွားရောက်ရမည်ဖြစ်၍ အောင်မင်္ဂလာအဝေးပြေးကားဝင်းသို့ လိုက်ပါပို့ဆောင်ကာ လက်ကိုင်ဖုန်းတစ်လုံးနှင့် ငွေကျပ်ငါးသောင်းပေးပြီး ကျိုင်းတုံမြို့သို့ ရောက်လျှင် ဆက်သွယ်ရန် ဖုန်းနံပါတ်ပေးကာ ကားပေါ်တင်ပေး၍ ပြန်သွားခဲ့ကြောင်း။

ကျိုင်းတုံမြို့သို့ရောက်ရှိ၍ သဲအိဖြူ ကိုင်ဆောင်သည့် ဖုန်းနံပါတ်သို့ ဆက်သွယ်ခဲ့ရာ အငှားကားတစ်စီး လွှတ်ပေးထားရှိပြီး ၎င်းကားနှင့် လိုက်ခဲ့ရန်ပြောဆိုသဖြင့် လိုက်ပါခဲ့ကြောင်း၊ ခြောက်နာရီခန့်အကြာတွင် မသဲအိဖြူ နေထိုင်သည့် ပန်ဆန်းမြို့ရှိ တရုတ်စာတန်းများရေးသားထားသည့် "ဖန်ကျွမ်းလိုင်" ဆိုသည့်ဆိုင်သို့ရောက်ရှိခဲ့ပြီး မသဲအိဖြူကို တွေ့ရှိခဲ့ကြောင်း၊ မသဲအိဖြူက မှတ်ပုံတင်အားသိမ်းဆည်းပြီး နောက်နေ့တွင် အမျိုးသားဖောက်သည်များနှင့်ဆက်ဆံရမည်ဟု ပြောဆိုသဖြင့် ပြည့်တန်ဆာအလုပ် မလုပ်နိုင်ကြောင်း၊ ပြန်လိုကြောင်းပြောဆိုခဲ့ရာ ပြန်လိုပါက မသီတာမိုး(ခ)ချယ်ရီ ကိုထုတ်ပေးထားသည့် ငွေကျပ်သိန်း ၃၀ ပြန်ပေးပါက ပြန်လို့ရကြောင်း၊ မပေးနိုင်ပါက ပြည့်တန်ဆာအလုပ် လုပ်ကိုင်ရမည်၊ ထွက်ပြေးပါက လိုက်၍ သတ်ခိုင်းမည်ဟု ခြိမ်းခြောက်ပြောဆိုကာ ပြည့်တန်ဆာအလုပ်ကို အဓမ္မခိုင်းစေသဖြင့် လုပ်ကိုင်ခဲ့ရကြောင်း၊ မသဲအိဖြူက ရရှိသည့်ငွေကို တစ်ဝက်ပေးမည်ဟု ပြောခဲ့သော်လည်း မရရှိခဲ့ကြောင်း။

ယင်းမှဆက်လက်မလုပ်ကိုင်လိုတော့၍ဒေသ်သည် အမျိုးသားတစ်ဦးကို အကူအညီတောင်းခံခဲ့ရာ ကျိုင်းတုံမြို့သို့ ပြန်လည်ရောက်ရှိခဲ့ပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း စိစစ်ပေါ်ပေါက်သဖြင့် အမှတ်(၆)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု (ရန်ကုန်)မှ တရားလိုပြုလုပ်တိုင်တန်းခဲ့ရာ အင်းစိန်မြို့မရဲစခန်း(ပ)၃၉/၂၀၂၆၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅/၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့ပြီး ၂၀၂၆ ခုနှစ်၊ မတ် ၃၀ ရက်တွင် အင်းစိန်ခရိုင်တရားရုံးမှ မသီတာမိုး(ခ)ချယ်ရီ အား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၅ ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော်အထိမ်းအမှတ် မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ (Myanmar Fight 31)ပြိုင်ပွဲများ ကျင်းပ

ပဲခူး မေ ၁

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး ပဲခူးတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ဆပ်ကော်မတီနှင့် ရပ်မိရပ်ဖ စေတနာရှင်၊ ဝါသနာရှင်များ၊ ပဲခူးတိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းစီစဉ်သော ရွှေမော်ဓောစေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယပွဲတော် အထိမ်းအမှတ် မျိုးဆက်သစ် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲ (Myanmar Fight 31) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး မိုးလုံလေလုံအားကစားရုံ၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲတွင် နှစ်ချီပြိုင်ပွဲ ၂၂ ပွဲ၊ သုံးချီပြိုင်ပွဲ ၁၂ ပွဲ၊ လေးချီပြိုင်ပွဲ သုံးပွဲကျင်းပခဲ့သည်။ လေးချီစိန်ခေါ်ပွဲများတွင် မြင့်မြတ်မောင် (ပဲခူးကလပ်)နှင့် ခွန်မင်းမင်း (ရွှေဘားလား/သထုံ)တို့ ပြိုင်ပွဲတွင် မြင့်မြတ်မောင် လက်သီးတွဲလုံးကြောင့် ဒုတိယအချီတွင် ခွန်မင်းမင်း အနားတောင်းခဲ့ရသည်။ တတိယအချီတွင် သူတစ်ပြန် ကိုယ်တစ်ပြန်ထိုးကြရာ မြင့်မြတ်မောင် လက်သီးထိုးချက်များကြောင့် ခွန်မင်းမင်း အရှုံးပေးလိုက်ရသည်။

အာကာဗိုလ်(ပဲခူးကလပ်)နှင့် ရဲရင့်မာန် (တောင်ဇလပ်)တို့ ပြိုင်ပွဲတွင် အာကာဗိုလ်က ဒုတိယအချီတွင် ရဲရင့်မာန်ကို အလဲထိုးနိုင်ခဲ့သည်။

ကျော်နိုင်ထွန်း (အဖြူရောင်သွေးသစ်)နှင့် ကောင်းထက်ဟိန်း (လုံးချောကလပ်)တို့ ပြိုင်ပွဲတွင် အလူးအလဲဖြင့် ပူးတွဲသရေကျခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ မွေအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဝဏ္ဏက အားကစားသမားများအား ဆုငွေများချီးမြှင့်ခဲ့ပြီး ပဲခူးတိုင်းဒေသကြီး ရိုးရာလက်ဝှေ့ ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမင်းထွဋ်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

ဗလ

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ရေများများသောက်ပါ။



၂

## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- အလွန်အမင်းရေဆာခြင်း၊
- ဂနာမငြိမ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း။

၄

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

၅

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင်ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air - FTA)ဖြင့် အခမဲ့ ထုတ်လွှင့်လျက်ရှိရာ (MRTV-HD Channel)နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ ၂၀၂၆ ခုနှစ်၊ ဧပြီလအတွင်း နိုင်ငံတစ်ဝန်း၌ ကျင်းပမည့် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် (၃-၄-၂၀၂၆)ရက် (သောကြာနေ့)ညတွင် သင်္ကြန်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တီးဝိုင်း၏ တီးခတ်မှုနှင့်အတူ ရုပ်ရှင်သရုပ်ဆောင်များ၊ ရွှေကြိုးများပေါင်းစပ်၍ **"ခေတ်သစ်မြန်မာနှစ်သစ်အတာ"** ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့ အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံ အသိပေးအကြောင်းကြားပါသည်-

**(၃-၄-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ "ခေတ်သစ်မြန်မာ နှစ်သစ်အတာ" တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၂)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | ရွှင်လန်းချမ်းမြေ့ပါစေ | ပြင်ပအဆိုရှင် |
| ၂။ | တစ်နှစ်နွမ်း တစ်နှစ်ဆန်း | ပြင်ပအဆိုရှင် |
| ၃။ | နွေမ | ပြင်ပအဆိုရှင် |
| ၄။ | ငုတ်တုတ်မေ့သွားမယ် | ပြင်ပအဆိုရှင် |
| ၅။ | မင်းရုပ်ကြီးကြောင့် ခက်နေပြီ | ပြင်ပအဆိုရှင် |
| ၆။ | တင်းတယ် | ပြင်ပအဆိုရှင် |
| ၇။ | မေတ္တာဖျော်ရည် | ပြင်ပအဆိုရှင် |
| ၈။ | နွေဦးကာရန် | ပြင်ပအဆိုရှင် |
| ၉။ | ဖြူ နီ ပြာ ဝါ | ပြင်ပအဆိုရှင် |
| ၁၀။ | ပိုင်ရှင် | ပြင်ပအဆိုရှင် |
| ၁၁။ | သတိတော့ထား | ပြင်ပအဆိုရှင် |
| ၁၂။ | ဒီနှစ်သင်္ကြန် | ပြင်ပအဆိုရှင် |

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (ရွှေနံ့သာစံပြ)၊ မြေကွက်အမှတ်(၇၁၅)၊ အင်ကြင်းလမ်းနှင့် ၂၃ လမ်းထောင့်ဟုခေါ်တွင်သော (အလျား ၈၀ပေx အနံ ၆၅ပေ)နှင့် ယင်းမြေကွက်ပေါ်ရှိ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့်ပတ်သက်၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် **ဒေါ်နန်းစော [၁၂/ဥကမ(နိုင်)၁၆၈၄၅၀]** ဝယ်ယူပိုင်ဆိုင် လက်ရောက်ရရှိထားကြောင်း၊ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲခွင့်ရှိကြောင်း ပြောဆိုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ **ဒေါ်ထွေးနန္ဒာ [၁၂/မဘန(နိုင်)၀၉၁၄၈၂]**မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ဤမြေကွက်အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက ကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ထားသောကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုစုငြိမ်း LL.B, D.B.L, D.I.L တရားလွှတ်တော်ရှေ့နေ၊ စဉ်- ၉၂၈၉**
**အမှတ်(၅၅)၊ အခန်း (၁၄/အေ)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၁-၃၇၃၀၄၆၊ ၀၉-၅၄၀၆၆၁၁**

**ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ဝိဇ္ဇာလမ်း၊ အမှတ်(၄၈/၃၀)မြေအကျယ်အဝန်း (၅၉.၆ ပေ / ၅၈.၉ ပေ x ၅၁.၉ ပေ / ၅၆.၄ ပေ)ခန့်ရှိ မြေနှင့်အိမ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍-**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါ မြေနှင့်အိမ် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဒေါ်ခင်သန်းဦး[၁၂/မရက(နိုင်)၀၆၀၁၉၁]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းညွန့် (LL.B)** | **ဦးနိုင်ထွဋ်လင်း (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်- ၅၂၇)** | **အထက်တန်းရှေ့နေ (စဉ်- ၃၅၄၅)** |

**အမှတ် (၃၆၅)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၅၀၆၁၅၇၊ ၀၉-၇၈၅၅၀၆၁၅၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ ခရေလမ်း၊ တိုက်အမှတ်(၉)၊ B1 မြေညီ(ထပ်ခိုး)ပါ ခြေရင်းခြမ်း၊ အကျယ် အဝန်း (၁၉ပေx ၅၄ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ဇေယျ [၁၂/ဒဂမ(နိုင်)၀၀၆၅၅၃]ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသောကြောင့် အထက်ပါ ရောင်းချမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မှုမရှိပါက အထက်ပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မိုးရွှေ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉ - ၅၀၉၄၄၅၇**

## "ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဆေးစက်ရပ်ကွက်၊ အလင်းရောင်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၈၄)၊ တိုက်အမှတ်(၈၄)၊ ၂-ခန်းတွဲ(၆)ထပ်တိုက်၏ ၅-လွှာ၊ စတုတ္ထထပ် တိုက်ဘက်မျက်နှာမူလျှင် ညာဘက်ခြမ်း အကျယ်အဝန်း(၁၁.၅ ပေ x ၄၇ ပေ)ရှိ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာချက်"

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းသည် ဦးကျော်ဇေလင်း[၁၁/မဥန(နိုင်)၀၆၈၀၂၁]မှ တရားဝင်ပိုင်ဆိုင် အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာဖြိုး [၁၂/မဂတ(နိုင်)၁၀၁၄၆၁]မှ ဘဏ်ချိတ်စနစ်ဖြင့် အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာဖြိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်ဝါဝါလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၈၉)**
**အမှတ်(၄၀)၊ မာလာမြိုင်(၇)လမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း - ၀၉-၄၅၂၄၂၄၈၂၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်- ၅၂၇၊ ဦးပိုင်အမှတ်- ၆၀+၆၁/၃၈x၃၉ ကြား၊ ၈၂ x၈၃ လမ်းကြားရှိ ဘိုးဘမြေကွက်မည်ပေါက်သူ မိခင် ဒေါ်နီနီဝင်း [၉/မရတ(နိုင်)၀၀၈၅၁၃]မှ သမီးဖြစ်သူ ဒေါ်နီကေခိုင်မြင့်အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင်အပေးစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

### ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်အေးမြည်ဝင်း (၁၀/မလမ(နိုင်)၁၃၉၇၅၄)ပိုင်ဆိုင်သောကားနံပါတ်(CC/၈၄၄၉) ၏ C.N.G (Gas) ကတ်အနီ ပျောက်ဆုံးသွားပါသဖြင့်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့်ကန့်ကွက်မည့်သူရှိပါကဆက်သွယ်အကြောင်းကြားကန့်ကွက် နိုင်ပါသည်။

ဖုန်း ၀၉၅၀၁၂၇၉၈

## ဖောင်းကြွ နံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 62W/70790 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**က.ည.န၊ ခရိုင်ရုံး(သထုံ)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၃)လမ်း၊ အမှတ်(၁၂၁-က)၊ (၁)ခန်းတည်း(၆)ထပ်တိုက်၏ မြေညီထပ်၊ (၁၈x၅၄)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်စန်း[၁၂/ဥကတ(နိုင်)၀၉၄၂၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဝေလင်းအောင်[၁၂/ပဘတ(နိုင်)၀၃၂၂၅၈]၊ ဒေါ်သူသူမြင့်စိန် [၁၂/ကမန(နိုင်)၀၈၈၆၅၀]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးဉာဏ်မင်းထက်(LL.B,DIPL,PGDB)** | **ဒေါ်ယုဇန်ကို(LL.B,PGDB)** |
| **အထက်တန်းရှေ့နေ(စဉ်-၅၂၃၁၂)** | **အထက်တန်းရှေ့နေ(စဉ်-၅၂၇၄၆)** |

**အမှတ်(၂၈၀/က)၊ညီညွတ်ရေးလမ်း၊(၃၈)ရပ်ကွက်၊မြောက်ဒဂုံမြို့နယ်။**
**ဖုန်း-၀၉-၉၇၇၁၂၈၁၃၈၊ ၀၉-၄၂၀၀၉၉၄၆၄**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်(ဃ-၂)၊ ဦးပိုင်အမှတ်(၄၉)၊ (၄)လွှာ၊ အကျယ်အဝန်း(၃၀ပေx၄၀ပေ) ရှိသော နေအိမ်တိုက်ခန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ရင့် မှတ်ပုံတင်အမှတ်[၈/ဆမန(နိုင်)၀၀၆၄၆၂]က ၂၀၁၉ ခုနှစ်ကတည်းက တရားဝင်ဝယ်ယူလက်ရှိထား ပိုင်ဆိုင်ခဲ့သောနေအိမ်တိုက်ခန်းဖြစ်ပြီး တခြားမည်သူထံသို့ ပေးကမ်း၊ ပေါင်နှံ၊ ရောင်းချထားခြင်းမရှိကြောင်း ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ရင့်သာလျှင် ပိုင်ဆိုင်သူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင့်ဝါထွန်းLL.B,DBL(UK)**
**အထက်တန်းရှေ့နေ (စဉ်-၅၆၅၅၈)**
**၀၉-၆၉၆၇၄၁၈၂၂၊၀၉-၆၈၅၀၁၈၄၇၅**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်-တောင်ပိုင်းခရိုင်)၊ ယခု-တွံတေးခရိုင်၊ တွံတေးမြို့နယ်ရှိ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့်အမှတ်-၄၅၆၁ (၂၃-၁-၂၀၂၀)အရ ကွင်းအမှတ်-(၀၁)၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA)(RA-1)၊ အကွက်အမှတ်(တ-၀၆)၊ မြေကွက်အမှတ်(၀၀၉၀)၊ ဧရိယာ (၁၀၀'x၁၀၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိသာလျှင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ရင် [၁၂/ကမတ(နိုင်) ၀၆၀၇၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထား စာရွက်စာတမ်းမူရင်းများ ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံ ဆက်သွယ်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၄၁၁)**
**အမှတ်-၁၈၊ ဥက္ကာ (၁)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆**

## ကန့်ကွက်နိုင်ပါကြောင်းနှင့်အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ (ယခင်- တောင်ပိုင်းခရိုင်)၊ ယခု- တွံတေးခရိုင်၊ တွံတေးမြို့နယ်ရှိ ရန်ကုန်မြို့သစ်စီမံကိန်းဧရိယာအတွင်း ယာယီမြေပေးမိန့်အမှတ်- ၄၅၆၂ (၂၃-၁-၂၀၂၀)အရ ကွင်းအမှတ်-(၀၁)၊ ပြန်လည်နေရာချထားသည့်အုပ်စု (RA)(RA-1)၊ အကွက်အမှတ် (တ-၀၆)၊ မြေကွက်အမှတ်(၀၀၉၁)၊ ဧရိယာ (၁၀၀'x၁၀၀')ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မိမိသာလျှင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ကြောင်း၊ အရှုပ်အရှင်းကင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ရင် [၁၂/ကမတ(နိုင်) ၀၆၀၇၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းမူရင်းများခိုင်လုံစွာဖြင့် ကျွန်ုပ်ထံဆက်သွယ်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၂၄၁၁)**
**အမှတ်- ၁၈၊ ဥက္ကာ (၁)လမ်း၊ (၈) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၄၂၂၉၆**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ်(၆၀)ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၇)ထပ်တိုက်၏ (၃)လွှာ(B)၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၂ ၁/၂ x ၅၅)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်လိပ်စာပါ တိုက်ခန်းကို အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုကမ်းလှမ်းလာသူ ဒေါ်ခင်မျိုးအေး [၁၂/တမန(နိုင်)၁၂၀၄၇၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးချမ်းစိမ့် [၁၂/ဗဟန(နိုင်)၀၆၅၂၆၆]နှင့် ဒေါ်ကြည်ကြည်မြင့် [၁၂/ဗဟန(နိုင်)၀၆၃၉၆၆]တို့က အပြီးအပိုင်ဝယ်ယူရန် သဘောတူသည့်အလျောက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူများ၊ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ အပြီးသတ်စာချုပ် ချုပ်ဆိုကာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မာမာဦး (LL.B) အထက်တန်းရှေ့နေ (စဉ်- ၃၈၈၇၄)**
**အခန်း(၅)၊ အလွှာ(၂၀)၊ ကျွန်းတောလမ်း၊ Crystal Tower, အမှတ်(၇)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၄၈၅၄၀၀၂၉၊ ၀၉-၇၇၇၉၅၈၅၃၇**

❒ **အာဆီယံမှ**

ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများကို မေ ၆ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် မေ ၆ ရက်တွင် ဗီယက်နမ်အသင်း၊ မေ ၇ ရက်တွင် ထိုင်းအသင်း၊ မေ ၉ ရက်တွင် တီမောအသင်းနှင့် ကစားရမည်ဖြစ်သည်။

မြန်မာအသင်းသည် ပြိုင်ပွဲအကြိုပြင်ဆင်မှုအဖြစ် မတ် ၂၉ ရက်မှစ၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ လေ့ကျင့်နေပြီး ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိသည်။ မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် ကစားသမား ၁၇ ဦး ခေါ်ဆောင်သွားပြီး ခြေစမ်းပွဲများအပြီးတွင် ကစားသမား ၁၄ ဦး ရွေးချယ်ကာ မေ ၅ ရက်တွင် ဗန်ကောက်မြို့မှ ပြိုင်ပွဲကျင်းပမည့် နာခွန်ရတ်ချာစီမာမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းတွင် ဂိုးသမား- မိုင်းစိုးမြတ်ထွေး(MIU)၊ ကျော်ရဲသွေး(YCDC Dream Team)၊ ညီညီသန့်(TG United)၊ ကစားသမား- ဆက်ဝေယံ၊ မင်းခန့်သူ၊ ထွန်းအောင်ကျော်၊ သက်ထွန်း (MIU)၊ သိုင်းဘွဲ့အောင်၊ မင်းချစ်သူ၊ မျိုးမင်းလှိုင်၊ ထွန်းထွန်းဝင်း (M2K)၊ နိုင်ထွန်းလူ(SGF)၊ ဟဲမာဌေး(Team Lions)၊ ဝေယံဖြိုး၊ ကျော်ဇောသိန်း (VUC)၊ ကိုကိုလွင်၊ ထွဋ်ဝေထွန်း (YRG) တို့ ပါဝင်ကြသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

❂ **အီတလီမှ**

အခြားသော ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့် play-offs ပွဲစဉ်တွေမှာ ချက်အသင်းက ဒိန်းမတ်အသင်းကို ပင်နယ်တီ အဆုံးအဖြတ်မှာ သုံးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ တူကီယဲအသင်းက ကိုဆိုဗိုအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် လည်းကောင်း၊ ဆွီဒင်အသင်းက ပိုလန်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

**ငွေကြယ်**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

**သွေးသည် အသက်**

## ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေသိန်းဆုဌာနခွဲ

### (၈၅)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆု ထီပေါက်စဉ် ၂၀၂၆ ခုနှစ် ဧပြီ လ (၁) ရက်နေ့

အောင်ဘာလေသိန်းဆု ထီပေါက်စဉ်အား www.ird.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။

*အခမဲ့ထုတ်ဝေသည်*

**အထူးဆုကြီး ကျပ်သိန်း (၅၀၀၀) ဆု**

ဃ - ၂၆၆၁၁၂

ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၃၀၀၀) ဆု**

ပ - ၁၄၂၄၂၆

ကံထူးရှင်(၁)ဦး

**အထူးဆုကြီး ကျပ်သိန်း (၂၀၀၀) ဆုများ**

ည- ၅၁၅၀၁၀ ခ - ၈၉၂၅၅၃

ကံထူးရှင်(၂)ဦး

**အထူးဆုကြီး ကျပ်သိန်း (၁၀၀၀) ဆုများ**

ည - ၄၉၀၉၇၄ ည - ၉၉၁၆၁၆
ဆ - ၇၉၀၃၄၆

ကံထူးရှင်(၃)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၅၀၀)ဆုများ**

| | |
|---|---|
| စ - ၁၈၀၂၈၈ | ဓ - ၅၅၅၇၃၆ |
| ဆ - ၁၈၃၂၅၁ | ပ - ၆၀၆၂၁၇ |
| ည - ၃၁၉၀၀၂ | က - ၇၈၄၈၆၇ |
| ဈ - ၃၂၆၉၁၅ | စ - ၉၃၅၅၀၈ |
| ဓ - ၃၅၁၉၇၀ | စ - ၉၈၂၀၇၄ |
| ဈ - ၄၇၁၂၁၆ | |

ကံထူးရှင်(၁၁)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၂၀၀)ဆုများ**

| | | |
|---|---|---|
| ဈ - ၁၈၈၇၀၂ | ဍ - ၄၀၇၁၃၅ | ဆ - ၆၉၂၃၆၆ |
| က - ၂၄၄၀၈၃ | ဍ - ၄၆၅၀၅၀ | ပ - ၇၅၉၂၂၉ |
| ခ - ၃၅၆၅၉၃ | ဈ - ၅၅၉၉၆၈ | ဓ - ၈၅၇၆၅၂ |
| က - ၃၅၉၃၈၁ | ခ - ၅၆၉၆၆၁ | ဋ - ၈၆၉၉၇၉ |
| ပ - ၃၇၈၂၈၄ | | |

ကံထူးရှင်(၁၃)ဦး

**ဆုတစ်ဆုချင်းကျပ်သိန်း(၁၀၀)ဆုများ**

| | | |
|---|---|---|
| ဋ - ၂၅၁၂၆၂ | ဆ - ၄၂၁၉၆၇ | ည - ၆၃၆၉၅၆ |
| ပ - ၂၆၄၈၄၈ | ဋ - ၄၃၈၆၆၄ | ဈ - ၆၈၀၆၆၈ |
| ဍ - ၂၇၆၁၃၆ | င - ၄၆၆၄၈၀ | ည - ၈၃၆၃၉၁ |
| က - ၂၈၇၃၄၆ | ဃ - ၅၃၈၇၄၆ | ဌ - ၈၆၅၈၉၇ |
| ည - ၃၅၆၀၃၀ | ဂ - ၅၉၁၃၅၄ | |

ကံထူးရှင်(၁၄)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ**

| | |
|---|---|
| ည - ၁၀၈၉၄၄ | ဈ - ၇၁၅၁၆၈ |
| ပ - ၃၉၃၆၁၀ | ဋ - ၇၂၅၉၅၁ |
| ဆ - ၄၁၈၁၇၃ | က - ၇၅၄၃၂၇ |
| ဃ - ၄၂၃၇၆၅ | က - ၈၁၉၂၈၆ |
| ဌ - ၄၅၈၉၀၉ | ဍ - ၈၃၇၀၂၂ |
| စ - ၄၉၄၅၉၆ | ဌ - ၉၅၁၅၂၀ |
| ည - ၅၄၆၈၄၀ | ပ - ၉၆၆၉၆၇ |
| ခ - ၆၅၄၈၇၉ | ဆ - ၉၉၃၄၃၃ |

ကံထူးရှင်(၁၆)ဦး

**ဆုတစ်ဆုချင်း ကျပ်သိန်း(၂၀)ဆုများ**

| | | |
|---|---|---|
| ဃ - ၁၅၅၆၀၉ | ဃ - ၄၅၃၄၂၅ | ဆ - ၆၆၀၂၈၉ |
| စ - ၁၆၁၂၉၉ | ခ - ၄၆၈၉၃၀ | ည - ၆၈၀၁၀၇ |
| ဂ - ၂၀၇၆၁၅ | စ - ၄၇၀၄၄၈ | ဃ - ၇၆၉၅၅၆ |
| ပ - ၂၂၆၈၆၉ | စ - ၄၈၃၂၀၂ | ဈ - ၇၈၆၃၃၆ |
| ခ - ၂၂၇၆၀၃ | ဌ - ၅၀၅၉၄၉ | ဓ - ၈၄၀၇၁၇ |
| ဃ - ၂၂၉၅၀၃ | စ - ၅၅၀၀၄၇ | ဓ - ၈၅၆၆၈၄ |
| ခ - ၂၉၆၇၉၀ | ဓ - ၅၈၀၈၄၉ | ဆ - ၉၅၈၅၉၀ |
| ပ - ၃၀၅၅၂၇ | စ - ၆၁၇၀၀၈ | |

ကံထူးရှင်(၂၃)ဦး

**ဆုတစ်ဆုချင်း ကျပ်(၁၀)သိန်းဆုများ**

| | |
|---|---|
| ဋ - ၁၃၁၀၇၉ | စ - ၆၃၅၅၉၂ |
| ဍ - ၁၆၁၇၃၄ | ဂ - ၆၃၆၃၉၇ |
| ဃ - ၂၃၇၃၂၉ | ဓ - ၆၉၄၅၉၁ |
| က - ၂၆၄၂၇၆ | ဌ - ၇၁၁၉၃၀ |
| ဃ - ၂၇၈၄၂၀ | ဌ - ၇၃၁၅၂၉ |
| ဍ - ၃၀၃၈၆၀ | ဌ - ၇၆၁၇၅၇ |
| ဌ - ၃၆၄၃၇၀ | ဋ - ၈၅၁၈၅၉ |
| ဓ - ၃၉၆၂၉၅ | ဍ - ၈၈၈၇၄၈ |
| ဍ - ၄၃၆၄၅၅ | ည - ၉၁၈၃၈၇ |
| ပ - ၄၄၇၁၃၁ | ခ - ၉၂၈၈၂၀ |
| စ - ၅၁၄၃၉၂ | ဆ - ၉၃၃၇၀၅ |
| ဓ - ၅၃၉၇၁၂ | ဋ - ၉၆၁၀၀၂ |
| ဈ - ၆၁၁၃၈၄ | ဃ - ၉၆၄၆၉၁ |
| ည - ၆၁၂၁၂၉ | |

ကံထူးရှင်(၂၇)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၅)ယူနစ်**

| | |
|---|---|
| က - ၁၈၅၆၂ | ပ - ၆၄၆၉၈ |
| ဆ - ၅၉၄၄၀ | က - ၉၂၆၈၀ |
| ဂ - ၆၀၁၁၂ | |

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၅၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၁၀)ယူနစ်**

| | | |
|---|---|---|
| စ - ၁၂၁၅ | စ - ၅၅၄၆ | ဋ - ၈၃၁၃ |
| ဈ - ၁၄၂၄ | ဍ - ၆၁၆၅ | ဌ - ၉၃၁၂ |
| က - ၁၄၉၂ | ပ - ၆၆၆၃ | က - ၉၆၁၅ |
| ခ - ၂၉၃၅ | | |

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၁၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၁၂)ယူနစ်**

| | | |
|---|---|---|
| ဋ - ၁၃၀ | စ - ၄၂၆ | ဋ - ၆၆၃ |
| င - ၁၃၈ | ဆ - ၅၆၈ | ဃ - ၇၁၀ |
| ည - ၂၄၀ | ဃ - ၆၀၂ | ည - ၉၄၉ |
| ဓ - ၃၈၄ | က - ၆၄၇ | ဋ - ၉၉၄ |

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူကျပ်(၁)သိန်း

ကံထူးရှင်(၁၂၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ(၆)ယူနစ်**

ဓ - ၄၈ ဍ - ၄၈ ပ - ၄၈ ဍ - ၆၀ စ - ၉၃ ဌ - ၉၇

အက္ခရာနှင့်ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ - ကျပ်(၅)သောင်း

ကံထူးရှင်(၆၀၀၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သောင်းဆု(၁)ယူနစ်**

ဆ - ၆

အက္ခရာနှင့်ရှေ့ဂဏန်း(၁)လုံး အစဉ်လိုက်တူ - ကျပ်(၁)သောင်း

ကံထူးရှင်(၁၀၀၀၀၀)ဦး

## ဘဏ္ဍာသိမ်းရငွေမှ ပြန်လည် ချီးမြှင့်သောဆုမဲများ

**ဆုတစ်ဆုချင်း ကျပ် (၁၀) သိန်းဆုများ**

| | |
|---|---|
| ဈ - ၂၀၀၂၂၀ | ဃ - ၅၉၃၂၁၆ |
| င - ၅၆၄၇၃၉ | ဍ - ၉၃၃၂၉၆ |

ကံထူးရှင်(၄)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ(၂)ယူနစ်**

က - ၃၁၈၉၁ က - ၇၂၇၁၃

အက္ခရာနှင့်ရှေ့ဂဏန်း(၅)လုံးအစဉ်လိုက်တူ - ကျပ်(၃)သိန်း

ကံထူးရှင်(၂၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ(၂)ယူနစ်**

ဃ - ၄၉၂၈ ခ - ၈၁၁၄

အက္ခရာနှင့်ရှေ့ဂဏန်း(၄)လုံးအစဉ်လိုက်တူ - ကျပ်(၂)သိန်း

ကံထူးရှင်(၂၀၀)ဦး

**ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ(၂)ယူနစ်**

က - ၁၁၆ ဈ - ၁၄၀

အက္ခရာနှင့်ရှေ့ဂဏန်း(၃)လုံးအစဉ်လိုက်တူ - ကျပ်(၁)သိန်း

ကံထူးရှင်(၂၀၀၀)ဦး

၁။ ၂၀၂၆ ခုနှစ်၊ ဧပြီ လ (၁)ရက်နေ့တွင် ကျင်းပသည့် (၈၅)ကြိမ်မြောက် ကျပ် (၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ဆုမဲ ( ၁၇၅၃၈၅ ) ဆု ဖွင့်လှစ်ပေးခဲ့ပြီး စုစုပေါင်း ကံထူးရှင် ( ၁၇၅၃၈၅ ) ဦး ဖြစ်ပါသည်။

၂။ ၂၀၂၆ ခုနှစ်၊ မေ လ (၁)ရက်နေ့တွင် ဖွင့်လှစ်မည့် (၈၆)ကြိမ်မြောက် ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် အောင်ဘာလေသိန်းဆုထီ၏ ဖြန့်ဝေရောင်းချပေးမည့် အက္ခရာများမှာ (က) အက္ခရာမှ (ဌ) အက္ခရာထိ အက္ခရာ (၁၂)လုံး ဖြစ်ပါသည်။

၃။ (၈၅)မြောက်ကျပ်(၁၀၀၀)တန် အောင်ဘာလေသိန်းဆုထီ ဆုမဲများအနက် ကျပ် (၁၀)သိန်းနှင့်အထက် ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၂ - ၄ - ၂၀၂၆ ) ရက်နေ့မှစတင်၍ ဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျန်ဆုမဲများအား ထီဆုငွေထုတ်ပေးခြင်းကို ( ၉- ၄- ၂၀၂၆ ) ရက်နေ့မှစတင်၍ လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းနှင့် ဆုငွေများကို ကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်လွှဲစာဖြင့်ဖြစ်စေ နိုင်ငံသားစိစစ်ရေးကတ် မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်းရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ(၃)ပုံ တင်ပြရန် လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံး/ဝန်ထမ်းတပ်များတွင်**
**စစ်မှုထမ်းဆောင်ရန် အခြားအဆင့်အမျိုးသမီး စစ်မှုထမ်းများ အလိုရှိသည်**

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) လျှောက်ထားသူသည် ၁၈-၅-၂၀၂၆ ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက်(၂၅)နှစ် ထက် မကြီးရ။

(ဂ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ပြီးသူ ဖြစ်ရမည်။

(ဃ) အနည်းဆုံး အရပ်(၅)ပေ(၂)လက်မ၊ ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများ ဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) အမြင်အာရုံကြီးမားစွာ ချို့ယွင်းသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal (www.myawady.net.mm/private(female))တွင် Download ရယူ၍ဖြစ်စေ အောက်ပါ စာရွက်စာတမ်းများနှင့်အတူ ၂၇-၂-၂၀၂၆ ရက်နေ့မှ ၂၁-၄-၂၀၂၆ ရက်နေ့အတွင်း နီးစပ်ရာတပ်/ ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) အခြေခံပညာ အဋ္ဌမတန်း(သို့မဟုတ်) Grade-9 အောင်မြင်ကြောင်း သက်ဆိုင်ရာ ကျောင်းထွက်လက်မှတ်(မူရင်း)နှင့် ဒီပလိုမာ/ဘွဲ့ရရှိပြီးသူများဖြစ်ပါက ဒီပလိုမာ/ဘွဲ့ လက်မှတ်(မူရင်း)။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့ စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃) ပုံ။

(င) အိမ်ထောင်စုဝင်စာရင်း(မိတ္တူ)။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်း ထောက်ခံချက်။

၃။ ပဏာမရွေးချယ်ကြောင်း အကြောင်းကြားစာရရှိသူများသည် သတ်မှတ်ရက်အတွင်း လျှောက်ထား ခဲ့သည့် စစ်ဌာနချုပ်များသို့ သတင်းပို့ရမည်။ ရွေးချယ်ခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများ ပြုလုပ်၍ ဆေးစစ်အောင်မြင်သူများအား သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

